အတ္တသမ္မာ ပဏိဓိစ ဧတံ မင်္ဂလ မုတ္တမံ၊ မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၁)၊ အမှတ်(၁၄၉)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင် သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လားရှိုးမြို့အဝင်တည်ထားမည့် မြို့ဦးစေတီတော်နေရာစစ်ဆေး မြို့လူထုရေပိုမိုအသုံးပြုနိုင်ရေး ရေသိုလှောင်ကန် ၅ကန် ထပ်မံတူးဖော်နေမှုလှည့်လည်ကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ မြို့အဝင်၌ တည်ဆောက်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

လှည့်လည်စစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ရေကန်တောင်သို့ သွားရောက်ကြပြီး လားရှိုးမြို့သို့ လက်ရှိရေပေးလျက်ရှိသည့် ရေသိုလှောင်ကန် ၁၂ကန် ပြင်ဆင်တိုးချဲ့ တူးဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြို့လူထု ရေပိုမိုအသုံးပြုနိုင်ရေးအတွက် ရေသိုလှောင်ကန်ငါးကန် ထပ်မံတူးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး နှင့်အဖွဲ့ဝင်များ လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာ အနီး ရှင်းလင်းဆောင်၌ ရိတ်သိမ်းခြွေလှေ့စက်၊ စပါးခြွေလှေ့စက်နှင့် လက်တွန်းထွန်စက်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လားရှိုးမြို့နယ် အထူးအထွက်တိုးကောက်စိုက်ပွဲတော်နှင့် လယ်ယာသုံးစက်ကိရိယာလှူဒါန်းပွဲတက်ရောက်ချီးမြှင့် ဒေသတာဝန်ခံများက ဒေသဆန်ဖူလုံရေးနှင့် တောင်သူများဝင်ငွေတိုးရေး ရှေးရှုလုပ်ကိုင်ရန်မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင်ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၇ နာရီခွဲတွင် လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအနီး ရှင်းလင်းဆောင်၌ ကျင်းပသည့် ဆင်းရွှေလီအထူးအထွက်တိုးစပါး ကောက်စိုက်ပွဲတော်နှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူလယ်သမားများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

မျိုးချစ်စိတ်ဓာတ် အမွေခံကောင်းဖြစ်ထွန်းရေး စာပေ၊ အနုပညာစွမ်းပကားဖြင့် တည်ဆောက်

ယနေ့ အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ နိုင်ငံတကာ့အလယ်တွင် အမျိုးသားရေး ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာ ရပ်တည်နိုင်စေရေးတို့အတွက် မိမိတို့၏ အမျိုးသားရေး စွမ်းအားစုများ၏ ကိုယ်ပိုင်စွမ်းပကားကို အားပြုပြီး ကိုယ့်အားကိုယ်ကိုး ကိုယ့်နိုင်ငံကိုယ် ကြိုးပမ်းတည်ဆောက်နေသည့် အချိန်အခါဖြစ်သည်။

ထို့အပြင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်ကံကြမ္မာကို အမျိုးသားရေး အကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်၌ တည့်တည့်မတ်မတ် ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေစေရအောင် ထိန်းသိမ်းစောင့်ရှောက် သွားနိုင်ရန်နှင့် နိုင်ငံတကာ့အလယ်၌ စည်းလုံးညီညွတ်သော၊ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာ ရပ်တည်နိုင်စေရန်အတွက် ဆန့်ကျင်ဟန့်တားမှု၊ သွေးခွဲသပ်လျှိုမှု၊ သြဇာပေးစွက်ဖက်မှု၊ ဖိအားပေးအကျပ်ကိုင်မှု၊ အနှောင့်အယှက် အဟန့်အတား အဖုံဖုံကို ရင်ဆိုင် တွန်းလှန်ရင်း မိမိတို့၏ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အချုပ်အခြာအာဏာတို့ကို အမျိုးသားရေး စွမ်းပကားဖြင့် ကာကွယ်စောင့်ထိန်းနေရချိန်လည်းဖြစ်သည်။

ယင်းကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် အမျိုးသားစာပေကို ထိန်းသိမ်းမြှင့်တင်ရင်း အမျိုးသားစာပေ၏ အစဉ်အလာကြီးမားသော စွမ်းပကားကို ထိုက်တန်စွာအသုံးချပြီး အမျိုးသားရေးနိုးကြားမှု၊ အမျိုးသားရေးအမြင်ကြည်လင်ထက်သန်မှု၊ အမျိုးသားရေးစိတ်ဓာတ် ထက်မြက်မြင့်မားမှုတို့ကို ဖော်ဆောင်မြှင့်တင်ပေးနိုင်မှသာ မျက်မှောက်ကာလ၌ အလွန်လိုအပ်လျက်ရှိသည့် အမျိုးသားရေး ကိုယ်ခံစွမ်းအားကို ပြည့်ဖြိုးခိုင်မာစေမည်ဖြစ်သည်။

ဖေဖော်ဝါရီလ ၂၂ရက်နေ့ နံနက်ပိုင်းက မကွေးတိုင်း ပခုက္ကူခရိုင် ပခုက္ကူမြို့ရှိ ပြည်သာယာခန်းမ၌ ကျင်းပသော ၂၀၀၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာ၌–

“နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားစာပေ၏ ထက်မြက်သော စွမ်းပကားနှင့် အမျိုးသားရေး အကျိုးစီးပွား ဖော်ဆောင်မြှင့်တင်ပေးနိုင်မှုတန်ဖိုးကို အလေးအမြတ်ပြုပြီး မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ အမျိုးသားရေး ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်မည့်အပြင် အမျိုးသားရေးကိုယ်ခံစွမ်းအားများကို အခိုင်အမာတည်ဆောက်ပေးနိုင်မည့် အမျိုးသားစာပေ အဆောက်အအုံကြီးတစ်ရပ် တင့်တင့်တယ်တယ်၊ ထည်ထည်ဝါဝါ ဖြစ်ထွန်းခိုင်မာနေစေရအောင် အဘက်ဘက်က အားပေးစောင့်ရှောက်မြှင့်တင်ပေး နေခြင်းပင်ဖြစ်ကြောင်း”

ပြောကြားသွားသည်။

ယနေ့ကဲ့သို့ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက် ရှင်သန်ကြီးထွားနေသည့် အခြေအနေအချိန်အခါကောင်းတွင် နိုင်ငံတော်အစိုးရက ဦးဆောင်ချီးမြှင့်နေသည့် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ အမျိုးသားရေး ဆောင်ပုဒ်ဆိုင်ရာစာပေဆု၊ နေ့ထူးနေ့မြတ်များ အထိမ်းအမှတ်စာပေပြိုင်ပွဲဆုများအပြင် ပုဂ္ဂလိကကဏ္ဍ၌ ပေါ်ထွန်းလာသည့် ပခုက္ကူဦးအုံးဖေစာပေဆုတို့ ကဲ့သို့သော အားပေးချီးမြှင့်မှုများသည် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်၊ အဆင့်အတန်းနှင့် အရည်အသွေးတို့ကို အကျိုးရှိ ထိရောက်စွာ မြှင့်တင်ပေးနိုင်လျက်ရှိသည်။

အထူးသဖြင့် အမျိုးသားရေး စာပေဆုနှင့် ပခုက္ကူ ဦးအုံးဖေ စာပေဆုတို့မှ ရွေးချယ်ချီးမြှင့်နေသည့် “တစ်သက်တာ စာပေဆု”များသည် မိမိတို့၏ ဘဝတစ်သက်တာကို စာပေနယ်ပယ်၌ စွန့်လွှတ်မြှုပ်နှံပြီး စာပေဖြင့်မွေ့လျော်ကာ စာပေစွမ်းပကားနှင့် အမျိုးသားရေး အကျိုးစီးပွားကို အစဉ်တစိုက် သယ်ပိုးထမ်းရွက်လျက်ရှိကြသည့် စာပေပညာရှင်ကြီးများကို ထိုက်တန်စွာ ဖော်ထုတ်ဂုဏ်ပြုခြင်းဖြစ်သည်။

ပခုက္ကူဦးအုံးဖေ စာပေဆုနှင့်ယှဉ်တွဲပြီး စာပေပညာ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် လူငယ်ကျောင်းသူ ကျောင်းသားများအတွက် ပညာရည်ချွန်ဆုများ၊ ပညာသင်ဆုများ နှစ်စဉ်မပျက် ချီးမြှင့်နေခြင်းသည်လည်း တိုင်းပြည်အတွက် လိုအပ်နေသည့် စာပေဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်သော အခန်းကဏ္ဍက ဖြည့်ဆည်းပေးနေခြင်းလည်း ဖြစ်ပေသည်။

ယခုတစ်ဖန် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ကို ရောက်ရှိလာသည့် စာပေလက်ရာများထဲမှ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆုကို တီထွင်ချီးမြှင့်ခြင်းသည်လည်း စာပေအနုပညာရှင်များ အတွက်သာမက စာပေလိုက်စားသူ မျိုးဆက်သစ်လူငယ်များအတွက်ပါ အကျိုးပြုစေမည် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများ၏ နှလုံးသားထဲ၌ မျိုးချစ်စိတ်ဓာတ်အမွေခံကောင်းများ၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ် အခြေခံကောင်းများ ခိုင်ခိုင်မြဲမြဲဖြစ်ထွန်းနေစေရေးအတွက် အမျိုးသားစာပေ၊ အမျိုးသား အနုပညာရပ်တို့၏ စွမ်းပကားဖြင့် တစ်မျိုးသားလုံးက လက်တွဲတည်ဆောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ၁၅ရပ်ကွက် အမက(၄၄) မိဘဆရာ အသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းလှက ဒုတိယတန်းမှ ဒုတိယဆုရ မမိုးသဉ္ဇာဦးအား ဆုချီးမြှင့်စဉ်။ (က–ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖေဖော်ဝါရီ ၂၄ ရက်က အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း ရန်ကုန်တိုင်း လှိုင်မြို့နယ်ရှိ ဝင်းသူဇာအရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု–၁)

မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခွဲစိတ်ကုသပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက် ၁၁ နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာမေးရိုးခွဲစိတ်ကုသဆောင်သို့ ရောက်ရှိပြီး Dr. Eileen Csontos ဦးဆောင်သော အမေရိကန်နိုင်ငံ Interplast အဖွဲ့ကို တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါအဖွဲ့သည် မြန်မာဆရာဝန်များနှင့် ပူးပေါင်း၍ မွေးရာပါနှင့် ထိခိုက်ဒဏ်ရာ၊ မီးလောင်ဒဏ်ရာများကြောင့် လက်ပိုင်းနှင့် လည်ပင်းပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုခံယူမည့် လူနာများနှင့် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၄ ရက်အထိ ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၌ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝိပဿနာတရား ဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မဟာဓမ္မကထိကဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သျှောင်ကန်အေး ဆရာတော်ဘဒ္ဒန္တ ဣန္ဒကသည် မန္တလေးတိုင်း တံတားဦးမြို့ သူငယ်တော်တောရကျောင်းတိုက်၌ မတ် ၁ ရက်နှင့် ၂ရက် ညများတွင် ‘ဗုဒ္ဓနည်းမှန် မဟာစည် သတိပဋ္ဌာန် ဝိပဿနာ တရားတော်’များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဖေဖော်ဝါရီ ၂၀ ရက်က စမ်းချောင်းမြို့နယ် အထက(၂) ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများနှင့် ပတ်သက်၍ ဟောပြောပွဲကို စပယ်ခန်းမတွင်ပြုလုပ်ရာ ကြီးမဲ့ကြေးနန်း ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲမှူးတင်လင်းက ပညာပေးဟောပြောစဉ်။ (ဝ၂၉)

နိကာယ်စာအောင်ပူဇော်ခြင်း အကြိုတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်နိကာယ် သာသနာတော်ထွန်းကားရေးအသင်း၊ ကန်ဘဲ့ဘူတာရုံလမ်း ပဉ္စနိကာယ သာသနာ့ဗိမာန် ဓမ္မသဘာခန်းမ၌ (၂၉)ကြိမ်မြောက် နိကာယ်စာအောင်ပူဇော်ခြင်းအကြိုဆည်းဆာတရားပွဲများ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ၂၈ ရက်၌ တိပိဋကဓရ (ယော) ဆရာတော်၊ ၂၉ ရက် နိုင်ငံတော် ပရိယတ္တိသာသန တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (ဗန်းမော်)ဆရာတော်၊ မတ် ၁ ရက်တွင် ရွှေရတုတိပိဋက(မော်ကျွန်း)ဆရာတော်တို့က တရားတော်များ ဟောကြားမည်ဟု သိရသည်။

(က–ပ)

26-2 (2).p65 1 3/23/05, 9:22 PM

ထွက်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များ လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအနီး စိုက်ကွက်များ၌ ကောက်စိုက်ပွဲတော်အဖြစ် ဆင်းရွှေလီအထူးအထွက်တိုးစပါး စိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှင်းလင်းတင်ပြရာ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဒေသဝမ်းစာစပါး ဖူလုံမှုရှိရေးအတွက် ယခင်နှစ်မိုးစပါးရာသီတွင် ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါးဧက တစ်သိန်းကျော်ပြောင်းလဲ စိုက်ပျိုးခဲ့ရာ တစ်ဧကအထွက်နှုန်း ပျမ်းမျှ ၁၂၆ တင်းခန့်ရရှိခဲ့သည့်အတွက် ဒေသဝမ်းစာဖူလုံမှုမှာ ၉၀ ရာခိုင်နှုန်းကျော်အထိ တိုးတက်မြင့်မားအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တောင်သူလယ်သမားများ၏ ဝင်ငွေလည်းတိုးတက်ခဲ့ကြောင်း။

ယခင်နှစ် မိုးစပါးရာသီတွင် စပ်မျိုးစပါးကို မိမိပြည်နယ်၏ ကိုယ်ပိုင်အစီအစဉ်အရ ပထမအဆင့် ကြိုးပမ်းမှုဖြင့် နှစ်ဧကစမ်းသပ်ထုတ်လုပ်ခဲ့ရာ မျိုးကောင်းမျိုးသန့်(F.1)စုစုပေါင်း ၆၅၈၀ ကီလိုထုတ်လုပ်နိုင်ခဲ့သည့်အတွက် ယခုနွေစပါးရာသီတွင် လယ်ဧက ၉၄၀ ၌ စိုက်ပျိုးနိုင်နေပြီဖြစ်ကြောင်း။

ဤအတွေ့အကြုံအပေါ်အခြေခံပြီး ဒုတိယအဆင့်ကြိုးပမ်းမှုအဖြစ် ယခုနှစ်နွေရာသီတွင် ဧက ၁၂၀ ၌ စပ်မျိုးစပါးထုတ်လုပ်မှုလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ ဤသို့ဆောင်ရွက်၍ ရရှိလာသော စပ်မျိုးစပါးများဖြင့် စိုက်ဧက တစ်သောင်းကျော်တွင် စိုက်ပျိုးစေနိုင်မှာ ဖြစ်ကြောင်း။

အပြည့်အဝထုတ်လုပ်

လာမည့် မိုးရာသီတွင် ဧက ၁၂၀၀ကျော် စပ်မျိုးစပါးထုတ်လုပ်ခြင်းဖြင့် ပြည်နယ်အတွင်းလိုအပ်သည့် စပ်မျိုးစပါးများကို အပြည့်အဝထုတ်လုပ်သွားနိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးလှကြီးက အထွက်တိုးစပ်မျိုးစပါးထုတ်လုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ဟူးမွန်ကျေးရွာမှ တောင်သူလယ်သမား ဦးစိုင်းစံထွန်းက လယ်ယာသုံးစက်ကိရိယာများကို နိုင်ငံတော်က ချီးမြှင့်သည့်အတွက် ကျေးဇူးတင်ပါကြောင်း ကျေးဇူးတင် စကားပြောကြားစဉ်။

(သတင်းစဉ်)

ခြွေလှေ့စက်ပေးအပ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဒေသခံတောင်သူလယ်သမားများကိုယ်စား ဟူးမွန်ကျေးရွာမှ လယ်ယာထူးချွန်တတိယဆင့်ရ ဦးစိုင်းစံထွန်းအား ရိတ်သိမ်းခြွေလှေ့ စက်အကြီးသုံးစီးနှင့် စပါးခြွေလှေ့စက် ငါးစီးတို့နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်အေး ချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ဒေသခံတောင်သူလယ်သမားများ ကိုယ်စား မန်ဆူကျေးရွာမှ ဦးစိုင်းစီအား လယ်ယာ(၁၆) လက်တွန်းထွန်စက်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကိုပေးအပ်သည်။

ယင်းနောက် ဟူးမွန်ကျေးရွာမှ တောင်သူလယ်သမား ဦးစိုင်းစံထွန်းက လယ်ယာသုံးစက်ကိရိယာများကို နိုင်ငံတော်ကချီးမြှင့်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် တစ်ဧက တင်း ၂၀၀အထိ ထွက်ရှိနိုင်မည့် စပါးစံပြကွက်များဖြစ်ပေါ်ရေး ကြိုးပမ်းသွားမည်ဖြစ် ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဤအခမ်းအနားသို့ တက်ရောက်ခွင့်ရသဖြင့် ဝမ်းသာရပါကြောင်း၊ မိမိတို့နိုင်ငံသည် မြေသယံဇာတပေါကြွယ်ဝသည့်နိုင်ငံ ဖြစ်သည်သာမက လယ်ယာလုပ်ငန်းကို လူများစုကြီးဖြစ်သော တောင်သူလယ်သမားများက ကျွမ်းကျင်စွာ လုပ်ကိုင်လျက်ရှိကြကြောင်း။

ထို့ကြောင့် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသည့် စီးပွားရေးဦးတည်ချက် ကို စီးပွားရေး ဦးတည်ချက်(၄)ရပ်၌ ပထမဆုံးအချက်အဖြစ် သတ်မှတ် ဆောင်ရွက်ထားခြင်း ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ စီးပွားရေး တန်ဖိုးပမာဏ၌လည်း လယ်ယာကဏ္ဍ၏ ပါဝင်မှု အချိုးအစားသည် ၅၆ ရာခိုင်နှုန်းခန့် ရှိနေရာ လယ်ယာကဏ္ဍသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွက် အဓိကအရေးပါသော စီးပွားရေးကဏ္ဍ ဖြစ်နေကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအနီး ရှင်းလင်းဆောင်၌ကျင်းပသည့် ဆင်းရွှေလီ အထူးအထွက်တိုးစပါးကောက်စိုက်ပွဲတော်နှင့် လယ်ယာသုံးစက်ကိရိယာများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဒေသခံတောင်သူလယ်သမားများကိုယ်စား ဟူးမွန်ကျေးရွာမှ လယ်ယာထူးချွန်တတိယဆင့်ရ ဦးစိုင်းစံထွန်းအား ရိတ်သိမ်းခြွေလှေ့စက် အကြီးသုံးစီးနှင့် စပါးခြွေလှေ့စက်ငါးစီးတို့နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပေးအပ်စဉ်။ **(သတင်းစဉ်)**

တိုးချဲ့လာနိုင်

လယ်ယာကဏ္ဍ၏ တိုးတက်မှုအခြေအနေကို ကြည့်မည်ဆိုပါက ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ၁၉၈၈ ခုနှစ်တွင် စိုက်ပျိုးမြေ ဧရိယာဧက ၅၆၀၀၀၀ ကျော်ရှိခဲ့ပြီး ယခုအခါ ဧက ကိုးသိန်းကျော်အထိ တိုးတက် စိုက်ပျိုးနိုင်ခဲ့သဖြင့် ဧကသုံးသိန်းခွဲ တိုးချဲ့လာနိုင်သည်ကို တွေ့ရကြောင်း။

တစ်နှစ်သီးနှံမျိုးစုံ စိုက်ပျိုးနိုင်မှုမှာ ၁၉၈၈ ခုနှစ်တွင် ခြောက်သိန်းခန့်ရှိရာမှ ယခုဧက ၁၁ သိန်းကျော်အထိ တိုးချဲ့စိုက်ပျိုးလာနိုင်ကြောင်း၊ ထို့ပြင် ကုန်းမြင့်လယ်ယာမြေဧက ၄၃၀၀ ကျော်ကိုလည်း ဖော်ထုတ်နိုင်ပြီဖြစ်ကြောင်း။

ဒေသဆန်ဖူလုံ

ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် ဒေသဆန်ဖူလုံမှု မရှိသေးသည့် ပြည်နယ်တစ်ခုဖြစ်နေသေးကြောင်း၊ တိုင်းမှူး၏ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ဒေသခံများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဒေသတစ်ခုလုံးသည် ယခုအခါ ဆန်ဖူလုံမှု ၉၀ ရာခိုင်နှုန်းကျော် ရှိလာပြီဖြစ်ကြောင်း၊ မကြာမီ ဒေသဆန်ဖူလုံသည့် နယ်မြေဖြစ်လာရန်သေချာနေသည်ဟု သုံးသပ်ရရှိကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသများသည် မြေပြန့်စိုက်ပျိုးမြေ နည်းပါးသည့်ဒေသဖြစ်သဖြင့် တည်ရှိသည့် စိုက်ပျိုးမြေကို အပြည့်အဝအသုံးချနိုင်ရန်နှင့် သီးနှံများကိုရနိုင်သမျှ သီးထပ်စိုက်ပျိုးရန်လိုအပ်ကြောင်း။

စိုက်နည်းစနစ်မှန်ကန်

အချိန်လု၍ သီးထပ်များ စိုက်ပျိုးလာသည်နှင့်အမျှ လယ်ယာသုံးစက်ကိရိယာများကို တိုးချဲ့သုံးစွဲသွားရ မှာဖြစ်သကဲ့သို့ စိုက်နည်းစနစ် မှန်ကန်ရန်လည်းလိုကြောင်း။

ဤကောက်စိုက်ပွဲတော်နှင့် လယ်ယာသုံးစက်ကိရိယာ လှူဒါန်းပွဲသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးမြှင့်တင်နိုင်မှာဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တိုင်းမှူးနှင့် တာဝန်ရှိသူများအား ဟူးမွန်စိုက်ကွင်း ဧက ၁၂၀၌ စပါးစိုက်ပျိုးမှုကို စိုက်ချိန်ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် တစ်နှစ်သုံးသီး သို့မဟုတ် စပါးနှစ်သီးနှင့် အခြားသီးနှံတစ်သီး စိုက်ပျိုးနိုင်အောင် ကြိုးပမ်းစမ်းသပ်သင့်ကြောင်း။

ထို့အတူ ဆင်းရွှေလီ စပ်မျိုးစပါးအပြင် အခြားစပ်မျိုးစပါးနှင့် အထူးအထွက်ကောင်း စပါးမျိုးများကိုလည်း စိုက်နည်းစနစ်သုံးမျိုးဖြင့် ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးသွားသင့်ကြောင်း။

အတန်းလိုက် တိုက်ရိုက်အစေ့ချစိုက်ပျိုးသည့်နည်း၊ ကြဲပက်၍ စိုက်ပျိုးသည့်နည်း၊ သမားရိုးကျ ပျိုးထောင်ကောက်စိုက်သည့်နည်းတို့ဖြင့် စပါးမျိုးများကို စမ်းသပ်စိုက်ပျိုးပြီးနောက် မိမိတို့နယ်မြေ၏ ရေမြေသဘာဝရာသီဥတုနှင့်သင့်လျော်ပြီး ကုန်ကျစရိတ်သက်သာသည့် အထွက်ကောင်းသော စပါးမျိုးကို မှန်ကန်စွာစိစစ်ရွေးချယ်၍ တိုးချဲ့စိုက်ပျိုးသွားရမှာဖြစ်ကြောင်း။

စာမျက်နှာ ၆ ကော်လံ ၅

အမေရိကန် ဆန့်ကျင်

ဖေဖော်ဝါရီ ၂၄ ရက်က ဘာဆာရာမြို့ ပူးပေါင်းယာယီအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့၌ အီရတ်ပြည်သူများက အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအား ဆန့်ကျင်ရေးဆန္ဒပြနေသည်ကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲဆင်နွှဲရန် ဒဗလျူအမ်ဒီအစီရင်ခံစာကို ဘုရှ်အစိုးရသုံးစွဲခဲ့မှု ဝါးတားဂိတ်အကျပ်အတည်းမျိုးဖြစ်အောင် ဖန်တီးခြင်းသာဖြစ်ဟုဆို

အိုင်အိုဝါ ဖေဖော်ဝါရီ ၂၄

အီရတ်တွင် ဆင်နွှဲသောစစ်ပွဲကို တရားမျှတစေရန်အတွက် အဖျက်စွမ်းအားကြီးသောလက်နက်များ (ဒဗလျူအမ်ဒီ)၏ အစီရင်ခံစာကို ဘုရှ်အစိုးရက အသုံးချခြင်းသည် ဝါးတားဂိတ်အရေးအခင်းနှင့်တူသော ဖွဲ့စည်းပုံဆိုင်ရာ အကျပ်အတည်းကို ဖန်တီးခြင်းဖြစ်သည်ဟု စီအိုင်အေအရာရှိဟောင်းက အိုင်အိုဝါ၌ ပြောကြားလိုက်သည်။

အီရတ်တွင်ဆင်နွှဲသည့်စစ်ပွဲ တရားမျှတစေရန်အတွက် ကွန်ဂရက်နှင့် အမေရိကန်ပြည်သူလူထုကို လှည့်စားရန် အီရတ်လက်နက်စွပ်စွဲချက်များနှင့် စက်တင်ဘာ ၁၁ ရက်နောက်ပိုင်း စိုးရိမ်ကြောက်လန့်မှုများအား အသုံးချခဲ့ခြင်းကို ဘုရှ်အစိုးရအနေဖြင့် တာဝန်ခံသင့်သည်ဟု စီအိုင်အေအရာရှိဟောင်း ရေမွန်မက်ဂါးဗန်က ပြောကြားသည်။

သတင်းအကျဉ်း

မက်ဂါးဗန်သည် သမ္မတအချို့အတွက် တစ်ချိန်က ထောက်လှမ်းရေးသတင်းအကျဉ်းများကို စီစဉ်ရေးသားပေးရသူဖြစ်ပြီး အိုင်အိုဝါတက္ကသိုလ်၌ တနင်္ဂနွေနေ့က ဟောပြောပို့ချရာတွင် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

လက်နက်စစ်ဆေးရေး အကြီးအကဲဟောင်းက အီရတ်၌ အဖျက်စွမ်းအားကြီး လက်နက်များမရှိကြောင်း ကောက်ချက်ချသော်လည်း ဘုရှ်သည် အမေရိကန် လုံခြုံရေးအတွက် အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားရန်ကြိုးပမ်းမှုအား ကာကွယ်ပြောဆိုခဲ့သည်။ **(အင်တာနက်)**

အရှေ့ဥရောပ အေအိုင်ဒီအက်စ် နှိမ်နင်းရေး
ကုလကျွမ်းကျင်သူများ တိုက်တွန်း

ဒဗ္ဗလင် ဖေဖော်ဝါရီ ၂၄

အရှေ့ဥရောပတွင် ကြီးထွားလာသော အေအိုင်ဒီအက်စ် အရေးကိစ္စကိုနှိမ်နင်းရန်အတွက် အေအိုင်ဒီအက်စ်နှိမ်နင်းရေး တာဝန်ယူဆောင်ရွက်မည့် မဟာမင်းကြီးတစ်ယောက် ခန့်ထားပေးရန် ကုလသမဂ္ဂကျွမ်းကျင်သူများက တနင်္ဂနွေနေ့တွင် ဥရောပသမဂ္ဂကို တိုက်တွန်းလိုက်သည်။

ပျံ့ပွား

ဒဗ္ဗလင်၌ နှစ်ရက်ကြာကျင်းပမည့် ညီလာခံအကြိုနေ့၌ ကုလသမဂ္ဂအေအိုင်ဒီအက်စ်အဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ပီတာပိုင်အော့က အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်သည် အရှေ့ဥရောပနှင့် အာရှအလယ်ပိုင်းတွင် လျင်မြန်စွာပျံ့ပွားလာကြောင်း၊ လွန်ခဲ့သည့် ၁၀ နှစ်အတွင်း အဆ ၅၀ တိုးလာကြောင်း ပြောဆိုသည်။

ခန့်မှန်းရရှိ

အရှေ့ဥရောပနှင့် အာရှအလယ်ပိုင်းတွင် အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူများ၏ ၈၀ ရာခိုင်နှုန်းသည် အသက် ၃၀ သို့မဟုတ် ၃၀ အောက်ရှိကြသူများဖြစ်ကြောင်း ခန့်မှန်းရရှိသည်ဟု ယူနီဆက်အမှုဆောင် ညွှန်ကြားရေးမှူး ကာရိုးလ်ဘယ်လာမီက ပြောကြားသည်။

သူမက အမျိုးသမီးများအတွင်း အေအိုင်ဒီအက်စ်/အိပ်ချ်အိုင်ဗွီ ကူးစက်ဖြစ်ပွားမှုနှုန်း ကြီးထွားလာသော်လည်း ငယ်ရွယ်သူများအတွင်း ကူးစက်မှုနှုန်း အလျင်မြန်ဆုံးဖြစ်ကြောင်း ပြောဆိုသည်။ **အမ်အင်အေ၊ ရိုက်တာ**

မသက်ာဖွယ်ဒဗလျူအမ်ဒီရှိရာနေရာများ၏ ထောက်လှမ်းရေးသတင်းများ အီရတ်စစ်ပွဲမဖြစ်မီက ကုလသမဂ္ဂကို စီအိုင်အေ အသိမပေးခဲ့ဟုတုံ့ပြန်ပြောကြား

ဝါရှင်တန် ဖေဖော်ဝါရီ ၂၄

အီရတ်စစ်ပွဲမဖြစ်မီက မသင်္ကာဖွယ် အီရတ်ရှိ အဖျက်စွမ်းအားကြီး လက်နက်များ (ဒဗလျူအမ်ဒီ)ရှိရာဒေသများအားလုံးကို ကုလသမဂ္ဂအား စီအိုင်အေက အသိပေးအကြောင်းကြားခဲ့ကြောင်း ပြည်သူ့ကြားနာမှုပြုလုပ်စဉ် စီအိုင်အေညွှန်ကြားရေးမှူး ဂျော့တီနက်၏ ထွက်ဆိုချက်များသည် မှားယွင်းသော ထွက်ဆိုချက်များပင်ဖြစ်ကြောင်း ဒီမိုကရက်တစ်အထက်လွှတ်တော်အမတ် ကားလ်လီဗင်က တုံ့ပြန်လိုက်သည်။

အမှားများ

မသင်္ကာဖွယ် အီရတ်၏ ဒဗလျူအမ်ဒီ ဒေသများအားလုံးကို အသိမပေးခဲ့ကြောင်းနှင့် မစ္စတာတီနက်၏ ထပ်ခါတလဲ ထွက်ဆိုချက်များသည် အမှားများဖြစ်ကြောင်း မီချီဂန်ပြည်နယ် အထက်လွှတ်တော်အမတ် ကားလ်လီဗင်က ပြောကြားသည်။ စီအိုင်အေသည် ပြီးခဲ့သည့်လတွင် မသင်္ကာဖွယ် အထူးဦးစားပေးနှင့် အလယ်အလတ်ဦးစားပေးအဆင့်အဖြစ် ဒဗလျူအမ်ဒီများ၏ ဒေသများကို အမျိုးအစားခွဲခြားပြီး အထူးလျှို့ဝှက်ချက်အဖြစ်မှ ပယ်ဖျက်ခဲ့သည်။

ချဲ့ကား

မသင်္ကာဖွယ် ၁၀၅ နေရာအနက်မှ ၂၁ နေရာကို စစ်မဖြစ်ခင်က ကုလသမဂ္ဂကို အသိပေးခြင်းမရှိခဲ့ကြောင်း စီအိုင်အေက ဝန်ခံခဲ့သည်ဟု လီဗင်က ပြောကြားသည်။ အမေရိကန် ထောက်လှမ်းရေးအရာရှိတစ်ဦးက နေရာ ၂၁ နေရာ၏ ကိုးနေရာကို ၁၉၉၁ နှင့် ၁၉၉၉ ခုနှစ်ကြားတွင် ကုလသမဂ္ဂစစ်ဆေးသူများ မကြာခဏ သွားရောက်ခဲ့ကြောင်း၊ ကုလသမဂ္ဂ စစ်ဆေးသူများသည် စီအိုင်အေသိသလောက် ထိုနေရာများအကြောင်းကိုသိခဲ့ကြောင်း၊ အီရတ်က ကုလသမဂ္ဂသို့ အသိပေးကြေညာခဲ့ပြီးနောက် သုံးနေရာကို စီအိုင်အေစာရင်းသို့ ပေါင်းထည့်ခဲ့ကြောင်း ထိုအရာရှိက ပြောကြားသည်။ အီရတ်ဆိုင်ရာ စစ်ကြိုခေတ် ထောက်လှမ်းရေးသတင်းသည် ယခုနှစ် သမ္မတရွေးပွဲ စည်းရုံးလှုံ့ဆော်ရာ၌ အဓိကအကြောင်းအရာ ဖြစ်လာသည်။ ဒီမိုကရက်တို့က ရီပတ်ဘလစ်ကင်တို့သည် စစ်ပွဲဆင်နွှဲရန်အတွက် အီရတ်၏ခြိမ်းခြောက်မှုအနေအထားကို ချဲ့ကားထားကြောင်း ပြောဆိုခဲ့ကြသည်။ **အမ်အင်အေ၊ ရိုက်တာ**

ဖေဖော်ဝါရီ ၂၄ ရက်က မိုဆူးလ်မြို့၌ ခုခံတိုက်ခိုက်ရေးသမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိသွားပြီးနောက် ကင်းလှည့်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ခရီးသည်ကားများနယ်စပ်ဖြတ်သန်းမှု အိန္ဒိယနှင့်နီပေါ စာချုပ်ချုပ်ဆို

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၂၄

လူများနယ်စပ်ကို အဆင်ပြေပြေ ဖြတ်သန်းသွားလာနိုင်ရေးအတွက် အိန္ဒိယနှင့် နီပေါနိုင်ငံတို့သည် အဓိကမြို့ကြီးများကို ဆက်သွယ်ထားသော နယ်စပ်စခန်းငါးခုကို ဖြတ်လျက် ခရီးသည်ကားများ လွတ်လပ်စွာ သွားလာနိုင်မည့် သဘောတူစာချုပ်ကို တနင်္လာနေ့က လက်မှတ်ရေးထိုးလိုက်ကြသည်။

သဘောတူစာချုပ်ကို နီပေါနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် နီပေါအလုပ်သမားဌာနအတွင်းဝန်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ စာချုပ်ချုပ်ဆိုပွဲသို့ အလည်အပတ် ရောက်ရှိနေသော အိန္ဒိယနိုင်ငံခြားရေးဌာန အတွင်းဝန်နှင့် နီပေါနိုင်ငံခြားရေးဌာန အတွင်းဝန်တို့လည်း တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးခြင်းမပြုမီ ကုန်သွယ်ရေး၊ ပို့ဆောင်ရေး၊ လုံခြုံရေး၊ ခရီးသွားလုပ်ငန်း၊ နိုင်ငံရင်းပြန်ပို့ရေးစာချုပ်နှင့် နယ်စပ်စီမံအုပ်ချုပ်ရေး ကိစ္စရပ်များ ပါဝင်သော အိန္ဒိယ-နီပေါ ဆက်ဆံရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။ **(ပီတီအိုင်)**

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

ဒိုဟာကုန်သွယ်ရေးဆွေးနွေးပွဲ ယခုနှစ်ကုန်၌ အပြီးမသတ်နိုင်

လန်ဒန် ဖေဖော်ဝါရီ ၂၄

ရပ်ထားသော ဒိုဟာကုန်သွယ်ရေးလွတ်လပ်မှု ဆွေးနွေးပွဲများကို စီစဉ်ထားသည့်အတိုင်း ယခုနှစ်ကုန်၌ အပြီးမသတ်နိုင်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) အဆင့်မြင့်အရာရှိတစ်ဦးက တနင်္လာနေ့၌ ပြောကြားလိုက်သည်။

ဆွေးနွေးပွဲများ အပြီးသတ်ရန် နောက်ဆုံးသတ်မှတ်ရက်မှာ ၂၀၀၇ ခုနှစ် နှစ်လယ်ပိုင်းဖြစ်ကြောင်း ဒဗလျူတီအို၏ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဌာန ညွှန်ကြားရေးမှူး ရစ်ချတ်အဂ္ဂလင်က ပြောကြားသည်။

၂၀၀၁ ခုနှစ်၌ ကာတာနိုင်ငံ၊ ဒိုဟာမြို့တွင် စတင်ခဲ့သော ဆွေးနွေးပွဲများကို လွန်ခဲ့သည့်နှစ် စက်တင်ဘာလ၌ မက္ကဆီကိုနိုင်ငံ ကင်ကန်မြို့၌ ကျင်းပခဲ့သည့် ဆွေးနွေးပွဲတွင် ရပ်ဆိုင်းခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဖေဖော်ဝါရီ ၂၃ ရက်က တီကရစ်မြို့၌ ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတစ်ဝန်း၌ အီရတ်ရဲတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားတိုက်ခိုက်မှု ပိုများလာ

အီရတ်နိုင်ငံ၏ အဓိကဝင်ငွေရသော ရေနံပိုက်လိုင်းများ ဖောက်ခွဲဖျက်ဆီးခံနေရ

ကယ်ကွတ် ဖေဖော်ဝါရီ ၂၄

အီရတ်နိုင်ငံသားများနှင့် နိုင်ငံ၏ အဓိကဝင်ငွေရရှိစေသော ရေနံပိုက်လိုင်းများကို တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ ကယ်ကွတ်မြို့သည် အီရတ်နိုင်ငံမြောက်ပိုင်း၌ ရေနံအများဆုံးထွက်ရှိသော မြို့တစ်မြို့ဖြစ်ပြီး ကယ်ကွတ်မှထွက်ရှိသော ရေနံစိမ်းများကို ဘဂ္ဂဒက်သို့တင်ပို့ကာ ၎င်းမှတစ်ဆင့် ဘာဆာရာမြို့သို့ ပေးပို့သည်။ ယခုကဲ့သို့ စီးပွားရေးအရ အချက်အချာကျသော ရေနံပိုက်လိုင်းများကို ဖောက်ခွဲဖျက်ဆီးမှုများသည် နိုင်ငံတောင်ပိုင်း၌ ဖြစ်ပွားလေ့သိပ်မရှိသော်လည်း ကာဘာလာမြို့အနောက်ဘက်ရှိ ပိုက်လိုင်းအား ယမန်နေ့က ဖောက်ခွဲဖျက်ဆီးခြင်းခံခဲ့ရသည့်အတွက် ပြည်ပသို့ ရေနံတင်ပို့မှု ထိခိုက်ဖွယ်ရှိသည်။

အီရတ်နိုင်ငံသည် ရေနံစည် ၂၁သမ ၃သန်း နေ့စဉ်ထွက်ရှိပြီး နိုင်ငံတောင်ပိုင်းသို့ ပိုက်လိုင်းများဖြင့် ပေးပို့သည်။ ရေနံပိုက်လိုင်းများကို ပစ်မှတ်ထားပြီး တိုက်ခိုက်ရေးသမားများက ဖျက်ဆီးခြင်းမျိုး အဆိုပါဒေသအတွင်း၌ ဖြစ်ပွားလေ့မရှိကြောင်း သိရသည်။ ယမန်နေ့ကလည်း ကယ်ကွတ်မြို့မှ အီရတ်ရဲစခန်းကို ဗုံးခွဲတိုက်ခိုက်ရာ ဘဂ္ဂဒက်မြို့သို့ အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ် မရောက်ရှိမီ နာရီပိုင်းအလို၌ ယင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အီရတ်နိုင်ငံတစ်ဝန်း၌ အီရတ်ရဲတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုများကြောင့် တပ်ဖွဲ့ဝင် ၃၀၀ ခန့် သေဆုံးခဲ့ရပြီး ဖြစ်သည်။ အီရတ်ရဲတပ်ဖွဲ့သည် လုံခြုံရေးတာဝန်များကို ပိုမိုထမ်းဆောင်နေကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက ပြောကြားနေသော်လည်း နိုင်ငံ၏ လုံခြုံရေးတာဝန်ကို အပြည့်အဝ ထမ်းဆောင်နိုင်သည်အထိ လူသူ လက်နက်အင်အား မပြည့်စုံသေးကြောင်း သိရှိရသည်။ **(စီအင်န်အင်န်)**

အီရတ်ထူထောင်ရေး ကုလအခန်းကဏ္ဍ ပိုမိုကျယ်ပြန့်စေရန် အတွင်းရေးမှူးချုပ် ကိုဖီအာနန်အား ဂျပန်တိုက်တွန်း

တိုကျို ဖေဖော်ဝါရီ ၂၄

အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ အစီရင်ခံစာသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂျပန်၌ ရောက်ရှိနေစဉ် ထွက်ပေါ်လာသည်။

ကိုဖီအာနန်သည် ဂျပန်ဧကရာဇ်နှင့် ယမန်နေ့အစောပိုင်းက တွေ့ဆုံခဲ့ပြီးနောက် ဂျပန်ဝန်ကြီးချုပ်နှင့်တွေ့ဆုံခဲ့ရာ နှစ်ဦးစလုံးက အီရတ်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ ပိုမိုတွင်တွင်ကျယ်ကျယ် ပါဝင်လာစေရေးအတွက် တိုက်တွန်းတောင်းဆိုခဲ့ကြောင်း သိရသည်။

ဆွေးနွေးခဲ့

ကုလသမဂ္ဂသည် အီရတ်နိုင်ငံတွင် ပါဝင်ဆောင်ရွက်ရန် အမြဲအသင့်ရှိနေခဲ့ပြီး လုံခြုံရေးအခြေအနေကြောင့် ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြောင်း ကိုဖီအာနန်က ပြောကြားခဲ့သည်။ ၎င်း၏ ဂျပန်နိုင်ငံ ခရီးစဉ်ကာလအတွင်း ကိုဖီအာနန်သည် ကုလသမဂ္ဂ ပြန်လည်ပြင်ဆင် ဖွဲ့စည်းရေးကိုလည်း ဆွေးနွေးခဲ့သည်။

လိုလား

ဂျပန်နိုင်ငံသည် ကုလသမဂ္ဂကို ပြန်လည်ပြင်ဆင် ဖွဲ့စည်းလိုပြီး လုံခြုံရေးကောင်စီ၌ အမြဲတမ်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ရန် လိုလားလျက်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

စစ်ကြောင့် စိတ်ဓာတ်ပျက်ပြားနေသော အီရတ်ပြည်သူများ စိတ်အပန်းဖြေရာအဖြစ် အိမ်မွေးတိရစ္ဆာန်များ မွေးမြူနေကြ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၄

အီရတ်ပြည်သူ အများစုသည် စားဝတ်နေရေးလိုအပ်ချက်များကို နေ့စဉ်ဖြေရှင်းနေရာတွင် ကလေးများ စိတ်ကျေနပ်အောင် အိမ်မွေးတိရစ္ဆာန်များထားရှိရေးကိုလည်း စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်အဖြစ် ရှာဖွေဖြည့်ဆည်းပေးနေရသည်။

ဘဂ္ဂဒက်မြို့ အဓိကဈေးကြီးတွင် ဆင့် ၅၀ တန် ငါးများမှသည် ဒေါ်လာ ရာနှင့်ချီတန်သော အိမ်မွေးတိရစ္ဆာန်များကို အပြိုင်အဆိုင်ရောင်းချကြရသည်။ ငါးများ၊ ငှက်များ၊ မြွေများနှင့် ခွေးများကိုပါ ရောင်းချနေကြပြီး စစ်ပွဲဒဏ်ကြောင့် စိတ်ဓာတ်ပျက်ပြားရမှုများနှင့် ကျူးကျော်မှုဒဏ်ကို ခံစားနေရသော အီရတ်ပြည်သူများအတွက် အပန်းဖြေဖွယ်ရာ ဖြေသိမ့်မှုတစ်ရပ် ဖြစ်သည်။ ယခုကဲ့သို့ အိမ်မွေးတိရစ္ဆာန်များ မွေးမြူရာတွင် ချစ်စနိုးမွေးမြူရန်မဟုတ်ဘဲ အိုးအိမ်လုံခြုံမှုရရှိရေးအတွက် ခွေးများကို ရွေးချယ် မွေးမြူနေကြရသည့် အမှန်တရားကို လက်ခံထားကြရကြောင်း သိရသည်။

(စီအင်န်အင်န်)

အိန္ဒိယ ပင်မ အာကာသစခန်း ပေါက်ကွဲမီးလောင်

နယူးဒေလီ ဖေဖော်ဝါရီ ၂၄

အိန္ဒိယနိုင်ငံတောင်ပိုင်း ကမ်းခြေပင်မအာကာသစခန်းတွင် ပေါက်ကွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံး လူခြောက်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ အာကာသစခန်းရှိ လောင်စာပြင်ဆင်ရေးစက်ရုံမှစတင်ကာ မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် အဆိုပါနေရာကို ဂြိုဟ်တုများလွှတ်တင်သည့်နေရာအဖြစ်နှင့် ဂြိုဟ်တုများ၏ လောင်စာပြင်ဆင်ရေးအတွက်ပါ အသုံးပြုလျက်ရှိသည်။ သေဆုံးမှုစာရင်းကို ရဲတပ်ဖွဲ့က ပြောကြားခဲ့ခြင်းဖြစ်ကာ အာကာသစခန်းမှ တာဝန်ရှိသူများက မီးလောင်မှုကို ထိန်းချုပ်နိုင်ရန် ကြိုးစားနေကြောင်း သိရသည်။ **(စီအင်န်အင်န်)**

မိုဘိုင်းလ်ဖုန်း ဆက်သွယ်မှုကဏ္ဍ တီထွင်ရန် ပြင်သစ် ထိပ်တန်းကုမ္ပဏီများ ဆွေးနွေးကြမည်

ပါရီ ဖေဖော်ဝါရီ ၂၄

ကြိုးမဲ့ကြေးနန်းဆက်သွယ်မှု လောက၌ ထိပ်တန်းကုမ္ပဏီကြီးများသည် ပြင်သစ်နိုင်ငံတောင်ပိုင်းရှိ အပန်းဖြေစခန်းမြို့ဖြစ်သော ကိန်းစ်တွင် တွေ့ဆုံပြီး မိုဘိုင်းလ်ဖုန်းဆက်သွယ်မှုကဏ္ဍ အသစ်အဆန်းတီထွင်မှုများကို ဆွေးနွေးကြဖွယ်ရှိသည်။

ဆက်သွယ်ရေးနည်းပညာ ကဏ္ဍတွင်း တတိယမျိုးဆက် မိုဘိုင်းလ်ဖုန်းများဖြင့် သုံးစွဲသူများအား ဆွဲဆောင်နိုင်ရေး ကြိုးပမ်းနေကြပြီး ဥရောပတစ်လွှား အဆိုပါမိုဘိုင်းလ်ဖုန်းစနစ်ကို စမ်းသပ်သုံးစွဲတော့မည် ဖြစ်သည်။

ကမ္ဘာ့ထိပ်တန်းဆက်သွယ်ရေးကုမ္ပဏီကြီးများကလည်း အင်တာနက်ဖြင့် ချိတ်ဆက်အသုံးပြုနိုင်သော လက်ကိုင်တယ်လီဖုန်းများ အပြိုင်အဆိုင်ထုတ်လုပ်လျက်ရှိသည်။

နည်းပညာသုတေသီများ၏ ရည်မှန်းချက်မှာ ဆက်သွယ်ရေးကိရိယာတစ်ခုတည်းတွင် နည်းပညာမျိုးစုံအသုံးပြုနိုင်ရေးဖြစ်ကြောင်း သိရသည်။ နည်းပညာသစ်များဖြင့် ဆက်သွယ်ရေးပိုမိုလွယ်ကူလာဖွယ်ရှိသည်။

(စီအင်န်အင်န်)



အကြိတ်အနယ်

ဖေဖော်ဝါရီ ၂၅ ရက်က လန်ဒန်မြို့ အပ်တွန်ပတ်ဘောလုံးကွင်း၌ အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲကို ကျင်းပရာ ဝက်စ်ဟမ်း အသင်းမှ ကီဗင်ဟော့လော့နှင့် ဖူလ်ဟမ် အသင်းမှ ဘရိုင်ရင်မက်စ်ဘရိုက်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

■ *အတွင်းရေးမှူး(၂)မှ*

ယင်းသို့ ပြန်လည်မထွက်ခွာမီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလော်ဟောက်ဆိုင်တို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင် ဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာ ထပ်မံတွေ့ဆုံနှုတ်ဆက်ကြပြီး အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဧည့်သည်တော် မစ္စတာလော်ဟောက်ဆိုင်အား မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင် ဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေကို အမှတ်တရပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလော်ဟောက်ဆိုင်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ နိုင်ငံခြားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလော်ဟောက်ဆိုင်နှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအနီး ရှင်းလင်းဆောင်ရွက်ပြီးဖြစ်သော ဆင်ရွှေလီအထူးအထွက်တိုးစပါးကောက်စိုက်ပွဲတော်နှင့် လယ်ယာသုံး စက်ကိရိယာများ ပေးအပ် လှူဒါန်းပွဲ အခမ်းအနားတွင် ဒေသခံ တောင်သူလယ်သမားများကိုယ်စား မန်ဆူကျေးရွာမှ ဦးစိုင်းစီအား လယ်ယာ(၁၆) လက်တွန်းထွန်စက်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပေးအပ်စဉ်။

(သတင်းစဉ်)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊ အမှတ်(၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

စိမ်းလဲ့ရွှေပြည် ဂျာနယ် အတွဲ(၁)၊ အမှတ်(၃)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်ရာ အဆိုပါ ဂျာနယ်တွင် အသျှင်ပညာဇောတ၏ စေတနာသည်ကံ၊ တက္ကသိုလ်မြတ်သူ၏ ပြတိုက်သို့(၁)၊ ပျဉ်းမနားမောင်နီသင်း၏ လမ်းဆားကပန်းကလေးတဖွေးဖွေး၊ မောင်ယင်းမာ(ရိုးပြတ်တော)၏ ကောင်းကင်တန်ဆာများမှ ညွှန်းဖော်ပြသော မိုးလေဝသ အခြေအနေ၊ တက္ကသိုလ်လှကြွယ်၏ သူတို့ဆီက ဥယျာဉ်ခြံမြေ၊ ဒေါက်တာခင်ဆွေဝင်း၏ တိရစ္ဆာန်ရောဂါ ဆေးကုပညာကဏ္ဍ၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၏ နန်းပွားကျောက်မီးသွေးတွင်း၊ ကြည်လင်း(ဆေး)၏ ကြက်ငှက် တုပ်ကွေးရောဂါ၊ ကိုနေ၏ အုရောင်ငန်းဖျားအတွက် အစွမ်းထက်ဆေးတစ်ခွက်၊ ဒေါက်တာကျော်စွာ၏ ငှက်ဖျားရောဂါ၏အနာဂတ်ကိုမျှော်ကြည့်ခြင်း၊ စိမ်းမြရည်(ပြန်/ဆက်)၏ ပျော်ရွှင်ကြည်နူးမှုများနှင့်အတူ၊ ထိုက်ဇော်အောင်(ဂျီတီစီ၊ပြည်)၏ ရေအားလျှပ်စစ်ဖွံ့ဖြိုးမှုနှင့်လျှပ်စစ်မီးရရှိရေး၊ဒေါက်တာကျော်သီဟ၏ အမိနိုင်ငံတော်ကိုကျေးဇူးတင်ပါသည်၊ ကနောင် မောင်မောင်၏ ဘူးပင်စိုက်မည် ဆိုပါလျှင်၊ သက်သက်သင်း(ပညာရေး)၏ အသီးမှာသရက်၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်) ၏ ကြက်ဖတိန်ညင် ကစားချင်၊ သိပ္ပံစိုးမြင့်နိုင်၏ စိမ်းလဲ့ရွှေပြည် တို့မြန်ပြည်၊ မင်းသွေးနွယ်(ဓိုးကုန်း)၏ ပန်းတိုင်ဆီလှမ်းပြိုင်ချီ ကဗျာ၊ ဖေဖော်ဝါရီလအတွက် မိုးလေဝသခန့်မှန်းချက်၊ ဗေဒင်ကဏ္ဍများ စုံလင်စွာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေပေးအပ် လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးတည်ရှိရာ အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါလှူဒါန်းပွဲသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ)နှင့် ဦးသန်းမောင်(သန်းမောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အလှူရှင်များ၊ အထူးဖိတ်ကြားထားသူများ၊ ဒဂုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

အလှူငွေပေးအပ်ပွဲတွင် အမေရိကန်နိုင်ငံရောက် ဦးခင်မောင်သိန်းနှင့်ဇနီး စူစင်သိန်း(စာရေးဆရာမ စစ်ကိုင်းစိမ်းစိမ်း)တို့က မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့အတွက် အလှူငွေကျပ်နှစ်သိန်းနှင့် ဒဂုံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့အတွက် ငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် အဖွဲ့က လက်ခံရယူပြီးနောက် ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

(သတင်းစဉ်)

ရေမြောင်းများရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် တာမွေကလေးရပ်ကွက်၌ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများအတွင်း ပိတ်ဆို့နေသော အမှိုက်များ ရှင်းလင်းဖယ်ရှား ဆောင်ရွက်ခြင်း လုပ်ငန်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြသိန်းနှင့် အဖွဲ့ဝင်များ စုပေါင်း၍ ဖေဖော်ဝါရီ ၂၁ရက်က ဆောင်ရွက်ကြသည်။ **(၁၁၅)**

စာမျက်နှာ ၃ မှ

အထောက်အကူပြု

ဤသို့ဖြင့် ဒေသတာဝန်ခံများ၏ အားထုတ်ကြိုးပမ်းဆောင်ရွက်ချက်များသည် ဒေသဆန်ဖူလုံရေးနှင့် ဒေသခံတောင်သူလယ်သမားများ၏ဝင်ငွေတိုးတက်ရေးကို ရှေးရှုသွားရမှာဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကလည်း လိုအပ်သော ပံ့ပိုးမှုများကို အားပေးအထောက်အကူပြုသွားရမှာဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ဆင်းရွှေလီနေကြာမျိုးနှင့် ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဟူးမွန်ဆည်ရေ သောက်ဧက ၁၂၀ ၌ ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါးများ စိုက်ပျိုးပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ကျန်ရှိသည့် စိုက်ကွက်များ၌ ကောက်စိုက်ပွဲတော်အဖြစ် ဆင်းရွှေလီအထူးအထွက်တိုးစပါး စိုက်ပျိုးခြင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ရိတ်သိမ်းခြွေလှေ့စက်၊ စပါးခြွေလှေ့စက်၊ လက်တွန်းထွန်စက်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဌာနဆိုင်ရာများနှင့် ဒေသခံ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ အဖွဲ့ခေါင်းဆောင် Mr. Patrick Vial အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီအဖွဲ့ခေါင်းဆောင်အားလက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ အဖွဲ့ခေါင်းဆောင် Mr. Patrick Vial အား ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

✻ အတွင်းရေးမှူး(၁)မှ

စက်မှုလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဇေ္ဇဦး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ လိုက်ပါ၍ ယနေ့နံနက်၁၁နာရီခွဲတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ သမဝါယမဝန်ကြီးဌာနအိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနဝင်းအတွင်း ခင်းကျင်းပြသလျက်ရှိသည့် သွင်းကုန် အစားထိုး အိမ်တွင်းစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲသို့ရောက်ရှိလာရာ ပြပွဲကျင်းပရေး ဦးစီးကော်မတီနာယက သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်လွင်ဦး၊ စက်မှုလက်မှု သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးထွန်းရီနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် သတ္တုဗေဒ အင်ဂျင်နီယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် ပြခန်းတွင် ခင်းကျင်းပြသထားသော သံ၊ သတ္တုနှင့် ကြေးကို အခြေပြု၍ ကုန်ချောပြုလုပ်ထားသည့် စက်ရုံအလုပ်ရုံများအတွက် လိုအပ်သည့် ပစ္စည်းမျိုးစုံ သွင်းကုန်အစားထိုးအဖြစ် ထုတ်လုပ်ခဲ့သော စက်ရုံအလုပ်ရုံသုံး အရည်တင် ပန့်အမျိုးမျိုး၊ သံမဏိသွန်းလောင်းထည်ပစ္စည်းများ၊ Young Power Electric က ထုတ်လုပ်သည့် သွင်းကုန်အစားထိုး အဆင့်မြင့် သံဂဟေဆော်စက်များ၊ MMG Mechem Mechinery Group က ထုတ်လုပ်သည့် စားသောက်ကုန် လုပ်ငန်းသုံး စက်ကိရိယာများဖြစ်သည့် တိုင်းရင်းဆေး နှင့် မုန့်လုပ်ငန်းသုံး သမမွှေစက်၊ အခြောက်ခံစက်၊ ဘူးပိတ်စက်၊ ကော်ဖီဖျော်စက်စသည့် စက်ကိရိယာများ၊ ဓာတုအင်ဂျင်နီယာကုန်ထုတ်သမဝါယမအသင်း လီမိတက်က ထုတ်လုပ်သည့် ပလတ်စတစ်ပျို့အိတ်၊ ဓာတုပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်ဘူးခွံအမျိုးမျိုး၊ ပလတ်စတစ်စက်အရန်ပစ္စည်း များနှင့် ပီဗွီစီပိုက်များ၊ Enrich ဖင်းဂါးအိုကလပ်ဗလိတ်နှင့် ဘရိတ်ရှူးအမျိုးမျိုး၊ ကော်ကပ်ပြုပြင်ရောင်းဝယ်ရေးက ထုတ်လုပ်သည့် မော်တော်ယာဉ်သုံး ဘရိတ်အပိုပစ္စည်းအမျိုးမျိုးနှင့် သတ္တုစပ်ဖြင့် ပြုလုပ်ထားသော ရှေ့ဒစ်ရိတာ၊ နောက်ဒစ်ရိတာနှင့် ဖလိုင်းဝီးများကိုလည်းကောင်း၊ တော်ဝင်အင်ဂျင်နီယာရင်းက ထုတ်လုပ်သော သစ်အချောထည်ပြုလုပ်စက်အမျိုးမျိုး၊ သီရိမြန်မာရိုးရာလက်မှုပညာလုပ်ငန်းက ထုတ်လုပ်သည့် ရွှေ၊ ငွေ၊ ကြေး၊ ပလတ်စတာနှင့် ကွန်ကရစ်တို့ဖြင့် ပြုလုပ်ထားသည့် မြန်မာမှုလက်ရာပစ္စည်းများ၊ စွယ်စုံစက်မှုလုပ်ငန်း သမဝါယမအသင်းလီမိတက်က ထုတ်လုပ်သော စက်ကိရိယာအမျိုးမျိုး၊ Modern Industry Co., Ltd.က ထုတ်လုပ်သော စတိန်းလက်စတီးဖြင့် ပြုလုပ်ထားသည့် ဓာတ်မှန်ကြည့်မီးအိမ်၊ အငွေ့ပြန်စက်၊ အဆီထုတ်စက်၊ ပဲနို့ကြိတ်စက်၊ ဆေးနှင့် ဂျုံမွှေစက်နှင့်အမှုန့်ချစက်၊ FISCA Enterprises က ထုတ်လုပ်သော မိုင် ၃၀ အတွင်း ဆက်သွယ်နိုင်သည့် Wireless LAN နှင့် Satellite Cable TV System၊ MOS ကားမှန်လုပ်ငန်းက ထုတ်လုပ်သည့် လိုအပ်သလိုခုံးခြင်း၊ ကွေးခြင်း ပြုလုပ်ထားသည့် ကားမှန်များ၊ UIC ရတနာမြေ သဘာဝမြေဩဇာ စက်မှုလက်မှု သမဝါယမအသင်းစုချုပ်က ထုတ်လုပ်သည့် သဘာဝ ဓာတ်မြေဩဇာများ၊ လျှပ်စစ်သွယ်တန်းရာတွင် အထိန်းပြုလုပ်သော ကြွေသီးပစ္စည်းအမျိုးမျိုးနှင့် ကွိုင်ကာအပူထိန်းအုပ်အမျိုးမျိုး၊ KME Engineering Group က ထုတ်လုပ်သည့် တွင်စက်မှုနှင့် ခရိမ်ယမ်အသားတင်ခြင်းလုပ်ငန်း တို့ကိုလည်းကောင်း၊ သိန်းရော်ဘာ ပစ္စည်းအမျိုးမျိုးထုတ်လုပ်ရေးက ထုတ်လုပ်သော ဖိနပ်အောက်ခံ ဆိုးလ်ပြားများ၊ Oil Seals အမျိုးမျိုး၊ စက်ဘီးမားကတ်နှင့် ကားကြမ်းခင်းသဲကာရော်ဘာပြားများ၊ Master Power Electronic က ထုတ်လုပ်သော CDI ဒီစတီဗျူတာများ၊ ယွန်းပညာကောလိပ်နှင့် ရက်ကန်းကျောင်းများက ထုတ်လုပ်သော ယွန်းထည် ပစ္စည်းအမျိုးမျိုးနှင့် အဝတ်အထည်များ၊ Myanmar Automobile Group (Production) Co., Ltd.က ပြုလုပ်သည့် တာယာပန်းတင်ခြင်း လုပ်ငန်းနှင့် စက်မှုဇုန်အသီးသီးက ထုတ်လုပ်သည့် သွင်းကုန်အစားထိုး မော်တော်ယာဉ်အမျိုးမျိုးနှင့် အောင်သပြေ မီးခံသေတ္တာနှင့် မီးခံဘဏ်တံခါးလုပ်ငန်းက ပြသထားသော မီးခံသေတ္တာအမျိုးမျိုးတို့ကို ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းက သွင်းကုန်အစားထိုးစက်ပစ္စည်းများကို အရည်အသွေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ပြပွဲမှမွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

❒ သာသနာတော်ဆိုင်ရာမှ

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆွမ်းဆက်ကပ်လှူဒါန်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်းက ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်တော်မူလာကြမည့် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ပင့်ဖိတ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အခမ်းအနားပြင်ဆင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်လှူဒါန်းရေးနှင့် ကြိုဆိုဧည့်ခံရေးဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းများစုဆောင်းရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီနှင့် ကျန်းမာရေးဆပ်ကော်မတီတို့မှ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၅ ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄)အခြေခံပညာ မူလတန်းကျောင်း ၂၀၀၃–၂၀၀၄ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် မြို့နယ်အဆင့် အင်္ဂလိပ်စာပထမဆုရ စတုတ္ထတန်းကျောင်းသူ မသုသုညိမ်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်းက ဆုချီးမြှင့်စဉ်။ (က–ပ)

ပညာရေးမြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့



■ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား တူးဖော်ဆဲ ရေသိုလှောင်ကန်အနီး၌ စည်ပင်သာယာရေးဦးစီးဌာန ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်က ရေသိုလှောင်ကန် တူးဖော်ခြင်းလုပ်ငန်းများနှင့်ရေကန်တောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ရပ်မိရပ်ဖများနှင့်တွေ့ဆုံ

ယင်းနောက်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့ မြို့တော်ခန်းမသို့ ကြိုတင်သွားရောက်ကြပြီး မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လားရှိုးမြို့ မြို့အဝင်၌ တည်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လားရှိုးမြို့ ရေကန်တောင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(အပေါ်ပုံနှင့်ယာပုံ)(သတင်းစဉ်)

မူဆယ်၊ နမ့်ခမ်းနှင့်ကွတ်ခိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မူဆယ်ခရိုင်နှင့် မူဆယ်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက မူဆယ်ခရိုင်အတွင်းတိုင်းရင်းသားများ စုစည်းနေထိုင်မှု၊ခရိုင်၏လမ်းပန်းဆက်သွယ်ရေး၊ကျန်းမာရေး၊ပညာရေးအခြေအနေများ၊ ဒေသဝမ်းစာဖူလုံမှုနှင့်ခရိုင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ကြိုးပမ်း

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက နယ်စပ်ဒေသ ကုန်သွယ်မှုစခန်းများတွင် မူဆယ်ကုန်သွယ်မှုစခန်းသည် ပို့ကုန်/သွင်းကုန် ပမာဏအများဆုံးဆောင်ရွက်နိုင်မှု၊ အခွန်ဘဏ္ဍာရရှိမှု အခြေအနေများနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ငွေကြေးဆိုင်ရာနှင့်အခွန်ကိစ္စများ၊ ပြည်သူများအနေဖြင့် ဘဏ်များနှင့် ယုံယုံကြည်ကြည် ဆက်သွယ်ဆောင်ရွက်နိုင်ပုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေနှင့် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်တို့ကဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

သောက်သုံးရေပေးဝေမှု

ရေကန်တောင်မှ ရေသိုလှောင်ကန် ၁၇ ကန်တွင် ခန့်မှန်းခြေ ရေဂါလန်သိန်း ၁၆၀၀ ကျော် သိုလှောင်နိုင်မည်ဖြစ်ပြီး လားရှိုးမြို့ လူထုအတွက် သောက်သုံးရေ ပိုမိုတိုးချဲ့ပေးဝေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီခွဲတွင် လားရှိုးမြို့မှ မူဆယ်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးစိုးဝင်းနှင့်ခရိုင်နှင့် မြို့နယ်တို့မှဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် တည်ဆောက်ပြီးစီးသွားသည့်ရွှေလီရတနာရိပ်သာသို့ရောက်ရှိကြပြီး ရိပ်သာအဆောက်အအုံကို ကြည့်ရှုစစ်ဆေးကြသည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မူဆယ်မြို့ မြို့တော်ခန်းမ၌ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မူဆယ်ခရိုင်နှင့် မူဆယ်မြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

လုံခြုံအေးချမ်းပြီ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ ဤနယ်မြေဒေသသည် တစ်ချိန်တစ်ခါက လက်နက်ကိုင်သောင်းကျန်းမှုများ ပြင်းပြင်းထန်ထန် ရှိခဲ့သော်လည်း ယခုအခါ နိုင်ငံတော်၊ ဒေသခံပြည်သူနှင့်တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားများကြောင့် နယ်မြေဒေသတစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး ပြည်သူများအနေဖြင့် လုံလုံခြုံခြုံအေးအေးချမ်းချမ်း နေထိုင်နေရပြီဖြစ်ကြောင်း။

နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့်အမျှ မူဆယ်ခရိုင် အပါအဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတစ်ခုလုံးသည် အရှိန်အဟုန်ဖြင့် သိသိသာသာ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း။

ကုန်သွယ်မှုတိုးတက်

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု အခြေအနေသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာလျက်ရှိကြောင်း၊ ထို့အတူ နယ်စပ်ဒေသကုန်သွယ်မှုမှာလည်း တိုးတက်အောင်မြင်လျက်ရှိကြောင်း။

ခြုံ၍သုံးသပ်တင်ပြရလျှင် ကိန်းဂဏန်းများအရရော၊ လက်တွေ့မျက်မြင်အခြေအနေများအရပါ မူဆယ်ခရိုင်သည် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်မှာ အမှန်ပင်ဖြစ်ကြောင်း။

နိုင်ငံအကျိုးသယ်ပိုး

နယ်စပ်ဒေသကုန်သွယ်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာ၌ ရေတိုအကျိုးအမြတ် ရရှိရေးကိုသာ အလေးမထားဘဲ မှန်မှန်ကန်ကန် သမာဓိရှိရှိ လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အထက်တန်းကျကျ သိက္ခာရှိရှိ ယုံကြည်စိတ်ချရသော စီးပွားရေးလုပ်ငန်းရှင်များအဖြစ် ဂုဏ်ယူစွာခံယူပြီး စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဆိုပါက ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးကိုပါ ပိုမိုအထောက်အကူပြုသယ်ပိုးနိုင်မှာ ဖြစ်ကြောင်း။

နိုင်ငံတော်တစ်ရပ်လုံးတည်ငြိမ်အေးချမ်းသာယာပြီး အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်မှုရရှိလာသည်နှင့်အမျှ နိုင်ငံတော်၏စီးပွားရေးအခြေအနေမှာလည်း ခိုင်မာတိုးတက်လာလျက်ရှိကြောင်း။

ဤသို့ တိုးတက်အောင်မြင်မှုများရရှိလာသည်မှာ မိမိတို့တိုင်းရင်းသားအားလုံး၏ တလုံးတစည်းတည်းသော ညီညွတ်မှုစွမ်းအားကြောင့်ပင်ဖြစ်ကြောင်း။

ပူးပေါင်းလုပ်ကိုင်

ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်မြင်ရေးအတွက်လည်း မိမိတို့အားလုံးညီညီညွတ်ညွတ် တလုံးတစည်းတည်း ပူးပေါင်းအားထုတ်လုပ်ကိုင်သွားရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ကျီးလန့်စာစားနေခဲ့ရ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် မြို့တော်ခန်းမသို့ ရောက်ရှိလာပြီး မှာကြားရာတွင် တိုင်းမှူးအဖြစ် မိမိတာဝန်ထမ်းဆောင် စဉ်ကာလက ဤဒေသများသည် ဗကပများ၏ လက်နက်ကိုင်သောင်း ကျန်းမှုများကြောင့် နယ်မြေအေးချမ်းမှုမရှိဘဲ ပြည်သူအများ ကျီးလန့်စာစား အထိတ်ထိတ်အလန့်လန့်ဖြင့် နေခဲ့ရကြောင်း။

ယခုအခါ လက်နက်ကိုင်သောင်းကျန်းမှုများချုပ်ငြိမ်းပြီး နယ်မြေ အေးချမ်းတည်ငြိမ်လာသဖြင့် နှစ်ကာလအနည်းငယ်အတွင်းမှာပင် ယခင်အခြေအနေများနှင့် မတူ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာနေသည်ကို မျက်မြင်တွေ့ရှိရကြောင်း။

နယ်စပ်ဒေသမြို့များ၌ မူဆယ်မြို့သည် ဖွံ့ဖြိုးတိုးတက်မှုအား အကောင်းဆုံးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရကလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းအပါအဝင် ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်ပြီး မူဆယ်ဒေသအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း ဖွံ့ဖြိုးလာအောင်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းသည်နှင့်အမျှဖွံ့ဖြိုးရေးစီမံကိန်းများကိုထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မှာ ဖြစ်ကြောင်း။

အခြေခံလိုအပ်ချက်

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အကောင်အထည်ဖော်ရာ၌လည်းနိုင်ငံတော်တည်ငြိမ်အေးချမ်းရေးသည်အခြေခံလိုအပ်ချက် ဖြစ်သည်ကို နားလည်ခံယူကြရမှာဖြစ်ကြောင်း။

မူဆယ်ဒေသသည် အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော နယ်စပ်ဒေသဖြစ်သည့် အားလျော်စွာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားထည့်ဆောင်ရွက်ရမှာဖြစ်သကဲ့သို့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

မိမိတို့နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ခေါင်းဆောင်အချင်းချင်း၊ အစိုးရအချင်းချင်း အပြန်အလှန် ရင်းနှီးနားလည်မှုများ ရှိသည်သာမက နှစ်နိုင်ငံ ပြည်သူအချင်းချင်းသည်လည်း ရင်းနှီးချစ်ကြည်မှုများ ရှိကြကြောင်း၊ ထို့ကြောင့်နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဂုဏ်သိက္ခာရှိစွာ ထိန်းသိမ်းစောင့်ရှောက်သွားရမှာဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် မူဆယ်မြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မူဆယ်မြို့မှလားရှိုးမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

လားရှိုးမြို့သို့ရောက်ရှိပြီးနောက် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးစိုးသာ၊ ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဗိုလ်မှူးကြီးတင်လှိုင်၊ ဗိုလ်မှူးချုပ်ခင်မောင်တို့နှင့်အတူ လားရှိုးမြို့ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် လားရှိုးခရိုင်၊ ကျောက်မဲခရိုင်၊ လားရှိုးမြို့နယ်၊ ကျောက်မဲမြို့နယ်၊ သိန္နီမြို့နယ်၊ သီပေါမြို့နယ်တို့မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအားတွေ့ဆုံ၍ လိုအပ်သည်များကိုမှာကြား ဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မူဆယ်မြို့ မြို့တော်ခန်းမ၌ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မူဆယ်ခရိုင်နှင့်မူဆယ်မြို့နယ်မှဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် ဝါခင်းတောင်ကျောင်းတိုက်အတွင်းရှိ ဓေယျာဘုမ္မိအောင်သိဒ္ဓိအေးစေတီတော်မြတ်ကြီး၏ (၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ပဓာနနာယက ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသကြီးမှူး၍ ကျင်းပမည်ဖြစ်ရာ မတ် ၂ ရက်(အင်္ဂါနေ့) ည ၇ နာရီတွင် နိုင်ငံတော်ဓမ္မကထိက အရှင်ဂုဏိန္ဒ(ဓမ္မာစရိယ)ဆင်ဖြူတောင်စာသင်တိုက် ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်ဖြစ်သည်။ မတ် ၃ ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပြုလုပ်ကာ ပင့်သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်း ဆက်ကပ်မည်ဖြစ်သဖြင့် အလှူရှင်များနှင့် တရားနာလိုသူများ အချိန်မီကြွရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ဖေဖော်ဝါရီ၂၅ရက်က ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာမြဦး ရန်ကုန်တိုင်း ကျောင်းကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၂–၂၀၀၃ ပညာသင်နှစ်နှင့် ၂၀၀၃–၂၀၀၄ ပညာသင်နှစ်တို့တွင် ကျန်းမာရေး အဆင့်မြင့်ကျောင်း စံပြထူးချွန်ဆုရ အခြေခံပညာကျောင်းများ ဆုချီးမြှင့်ပွဲတွင် စံပြဆုရရှိသော ကျောင်းများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုကြိုဆို တပ်မတော်သားများအတွက်ငွေနှင့်ငါးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် နဝဒေးစစ်ကြောင်းမှ တပ်မတော်သားများအတွက် အလှူငွေနှင့်ငါးများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းတည့်၁၂နာရီက ဇေယျာဝတီရေတပ်စခန်းဌာနချုပ် နဝဒေးစစ်ကြောင်းရုံးခန်း၌ကျင်းပရာ တုန်းတာကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လတ်က လှူဒါန်းငွေ ကျပ်တစ်သိန်းနှင့် အမ်အမ်ဂျီကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာဦးနီက တပ်မတော်သားများစားသုံးရန် ငါးပိဿာ၁၀၀၀တို့ကို နဝဒေးစစ်ကြောင်းမှ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်သော်ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာအစည်းအဝေး
Buddhism and Spiritual Tourism

သီတဂူ အရှင်ဉာဏိဿရ

ဖေဖော်ဝါရီလ ၁၇၊ ၁၈၊ ၁၉-၂၀၀၄ နယူးဒေလီ-အိန္ဒိယ-ရန်ကုန်မြို့၊ မြန်မာပြည်ဆိုင်ရာ အိန္ဒိယသံအမတ်ကြီး လက်မှတ်ထိုးထားသော ဖိတ်ကြားစာကို ဇန်နဝါရီလလယ်ခန့်က ရရှိသည်။ အိန္ဒိယနိုင်ငံ အစိုးရခရီးသွားလုပ်ငန်းဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့က တာဝန်ယူစည်းရုံး၍ ကျင်းပသော အစည်းအဝေးဖြစ်ကြောင်း၊ ဗုဒ္ဓဂယာကို ဦးစားပေး၍ ခရီးသွားလုပ်ငန်း တိုးချဲ့စည်းရုံးမည့် အဓိပ္ပာယ်ဖြစ်ကြောင်း၊ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ဘာသာရေးခေါင်းဆောင်များ၊ စာရေးဆရာများ၊ သတင်းစာဆရာများနှင့် ခရီးသွားလုပ်ငန်း အဖွဲ့အစည်းများကို ဖိတ်ကြားထားကြောင်း သိရသည်။ မိမိကိုယ်တိုင်မှာ ပြည်တွင်း သာသနာရေးလုပ်ငန်းများ အလွန်များနေသည့်အတွက်ကြောင့်လည်းကောင်း၊ အိန္ဒိယပြည်မှာ လုပ်သော ဗုဒ္ဓဘာသာဆိုင်ရာ အစည်းအဝေးများကို သုံးကြိမ်၊ လေးကြိမ်ခန့် တက်ရောက်ခဲ့ပြီး စိတ်ဝင်စားမှု နည်းသွားသည့်အတွက်ကြောင့်လည်းကောင်း ဖိတ်စာကိုပင် ဘယ်နေရာထားမိမှန်းမသိ မေ့လျော့ထားခဲ့လေသည်။ သာသနာရေးဌာနနှင့် သံဃမဟာနာယကအဖွဲ့ကိုလည်းဖိတ်ကြားထားသည့်အတွက် မတက်ရောက်တော့ပြီဟု ဆုံးဖြတ်ထားမိလေသည်။ အိန္ဒိယသံအမတ်က ဒုတိယအကြိမ် တောင်းပန်ဖိတ်ကြားလာပြန်ပါသည်။ စုံစမ်းကြည့်တော့ သာသနာရေးနှင့် သံဃမဟာနာယကအဖွဲ့က တပေါင်းပွဲနားနီး အလုပ်များနေသည့်အတွက် မတက်ရောက်နိုင်တော့ကြောင်း သိရလေသည်။ သို့ဖြစ်၍ တရားပွဲခုနစ်ပွဲခန့် ရွှေ့ပြောင်းဖျက်သိမ်းပြီး ဟောပြောမည့် အကြောင်းအရာကို အမြန်ရေး၍ အိန္ဒိယသံရုံးသို့ ပို့ခဲ့ရသည်။ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှာ အိန္ဒိယလေကြောင်းဖြင့် ဗန်ကောက်၊ ကာလကတ္တားမြို့များသို့ အစည်းအဝေးတက်ရန် ထွက်ခဲ့ရပြန်လေသည်။ ကာလကတ္တားလေဆိပ်မှာ ကောင်စစ်ဝန်ရုံးက ဆီးကြိုကူညီစောင့်ရှောက်ပါသည်။ နယူးဒေလီမြို့သို့ ည ၁၀ နာရီရောက်ရာ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကြည်သိန်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်ကျော်ကျော်နှင့် အဖွဲ့ဝင်များ၊ အိန္ဒိယအစိုးရ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှဝန်ထမ်းတစ်ဦးကအမည်ဆိုင်းဘုတ်ကလေးထောင်ပြ၍ လေယာဉ်ကွင်းမှာ စောင့်ကြိုနေကြပါသည်။ အစိုးရပိုင် ဟောင်းနေပြီဖြစ်သော အသောကဟိုတယ်ကြီးမှာ နေရာထားပေးပါသည်။ ဟိုတယ်အဝင်ဝတွင် ဗောဓိညောင်ရွက်နောက်ခံပေါ်မှာ-

" INTERNATIONAL CONCLAVE-ON
BUDDHISM AND SPIRITUAL TOURISM "

ဟူသော ဆိုင်းဘုတ်ကြီးကို တွေ့ရပါသည်။ ဟိုတယ်ကြီးမှာ အခန်းပေါင်း ၇၀၀ ကျော်ရှိသည်။ ဟောင်းနေသော်လည်း ပြင်ဆင်မွမ်းမံထားရုံမျှမက ဆိုင်းဘုတ်များ အလံရောင်စုံ၊ မီးရောင်စုံများဖြင့် တန်ဆာဆင်ထားသည့်အတွက် ကျက်သရေရှိနေပါသည်။ ဟိုတယ်အဝင်ဝမှာ လူတစ်ရပ်ခန့် ကြေးနီအိုးကြီးတစ်လုံးချထားပါသည်။ ကူညီရေးဝန်ထမ်းတစ်ယောက်က အမြိုက်အိုးကြီးဟု ပြောပါသည်။ ကြေးသွန်းအနုပညာကိုပြသည်ဟု ထင်ပါသည်။ ဟိုတယ်အဝင် ကြမ်းပြင်ရှိ ကျောက်တုံးခုနစ်တုံးပေါ်မှာ ခြေရာခုနစ်ခု ရွှေချထားသည်ကို တွေ့ရပါသည်။ တစ်တုံးနှင့်တစ်တုံး တစ်ပေခွဲစီခန့် ကွာဝေးမည်ဟု ထင်ရပါသည်။ သူတို့ပြောတာကတော့ သိဒ္ဓတ္ထမင်းသား ဖွားခါစ ခြေလှမ်းခုနစ်လှမ်းသွားသည့် အဓိပ္ပာယ်ဟု ဆိုကြပါသည်။ တကယ်တော့ ခြေလှမ်း ခြေရာခုနစ်ခုသည် ခရီးသွားခြင်း(Tour)အဓိပ္ပာယ်ဟု ယူဆပါသည်။ အသောကဟိုတယ်ကြီးမှာ ကမ္ဘာ့အရပ်ရပ်မှ ဗုဒ္ဓဘာသာအဖွဲ့ ကိုယ်စားလှယ်တွေနှင့် ပြည့်နှက်စည်ကားနေပါသည်။ ဟိုတယ်အဝင်ဝတွင် ပူးပေါင်းဆက်သွယ်လမ်းညွှန်ရေးဝန်ထမ်းများ (Co-ordinators)က ဝင်လာနေကြသော အပြည်ပြည်မှ အဖွဲ့အစည်း ကိုယ်စားလှယ်များအား နေရာချထားခြင်း၊ အစည်းအဝေးအကြောင်း ရှင်းပြခြင်း၊ အစည်းအဝေးအစီအစဉ်များ ဝေငှခြင်းများဖြင့် ကူညီဆောင်ရွက်ပေးကြပါသည်။ လူပေါင်း ၈၀၀ ကျော်၏ ဟိုတယ်စရိတ်၊ စားစရိတ်၊ ခရီးစရိတ်၊ မြို့တွင်းသွားလာမှု၊ ဗုဒ္ဓဂယာနှင့် မိဂဒါဝုန်၊ လေယာဉ်၊ ရထားစရိတ်အားလုံးကို အိန္ဒိယအစိုးရ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက တာဝန်ယူပါသည်။

အစည်းအဝေး ပထမနေ့ (၁၇-၂-၂၀၀၄) တက်ရောက်လာသူအားလုံးကို ဘတ်စကားကြီးများဖြင့် စုပေါင်းခေါ်ဆောင်သွားပါသည်။ နံနက် ၉ နာရီခွဲမှာ အားလုံးစာရင်းသွင်း တက်ရောက်ကြောင်း အတည်ပြုဝင်ခွင့် မှတ်ပုံတင်ကတ်ပြားများထုတ်ပေးပါသည်။ Plenary Hall, Vijayanbhavan ခန်းမအဝင်မှာ လုံခြုံရေး တိတိကျကျ စီမံထားသည်။ အိတ်များကို ဓာတ်မှန်စက်ဖြင့် စစ်ဆေးသည်။ လူများကိုယ်ကိုလည်း ထောက်ရှာကိရိယာဖြင့် ထောက်၍ထိ၍ စစ်ဆေးရှာဖွေသည်။ ကင်မရာနှင့် တယ်လီဖုန်းများကို အမည်နှင့် တိုင်းပြည်စာပါသော ကတ်ပြားကလေးများဖြင့် မှတ်သား၍ သိမ်းဆည်းထားလိုက်သည်။ တက်ရောက်သူအားလုံး ၁၀ နာရီခွဲမှာ နေရာယူကြသည်။ ခန်းမဆောင်ကြီး၊ နိမ့်မြင့်စနစ်ထိုင်ခုံများ၊ စကားပြောမိုက်များ၊ အသံထွက်ပေါက်များ တပ်ဆင်ထားသည်။ တိုင်းပြည်၊ အဖွဲ့ခေါင်းဆောင်အမည်တို့ကို ဖော်ပြရေးထားသော ဆိုင်းဘုတ်များ စားပွဲပေါ်မှာ တပ်ဆင်ပေးထားသည်။ မိမိ V.VIP နေရာမှာ ထိုင်ရသည်။ မိမိ၏ဝဲယာတွင် စင်ကာပူနှင့် မွန်ဂိုလီးယားနောက်တွင် ကိုရီးယား (တောင်၊မြောက်)တို့ နေရာယူကြသည်။ သံတမန်များ၊ စာနယ်ဇင်းမှ ပုဂ္ဂိုလ်များကို သီးခြားနေရာပေးထားသည်။ လေ့လာသူများကို နောက်ဆုံးအမြင့်ဆုံးမှာ နေရာပေးထားသည်။

နံနက် ၁၁ နာရီ သမ္မတလာမည်ဟု အစီအစဉ်တွင် ရေးထားသည်။ သို့သော် သမ္မတရောက်တော့ ၁၁ နာရီ ၂၅ မိနစ် ဖြစ်နေပါသည်။ ချက်ချင်း အခမ်းအနားစသည်။ အိန္ဒိယနိုင်ငံတော်သီချင်းဆို၍ တီးမှုတ်သည်။ သံဃာများပါ အားလုံးမတ်တပ်ရပ်ကြရသည်။ အမျိုးသမီးကလေး ငါးယောက်တို့က မင်္ဂလသုတ်ကို စောင်းနှင့်တွဲဖက်၍ သီချင်းလုပ်ဆိုသွားသည်။ မင်္ဂလသုတ်ဖြင့် အခမ်းအနား ဖွင့်လှစ်ခြင်းဖြစ်သည်။ ကြိုဆိုနှုတ်ဆက် မိန့်ခွန်းကို ခရီးသွားလုပ်ငန်းအဖွဲ့အတွင်းဝန်က ပြောသည်။ ခရီးသွားလာမှု၊ ယဉ်ကျေးမှုနှင့် ပါလီမန်ရေးရာဝန်ကြီးက ဗဟိုအစိုးရ အစည်းအဝေးကျင်းပခြင်းအကြောင်း မိန့်ခွန်းပြောသည်။ သူ၏မိန့်ခွန်းက မျက်စိဖြင့် မြင်နိုင် သည်တို့ကိုသာ လျှောက်ကြည့်သွား၊ ဓာတ်ပုံရိုက်သွားသော ခရီးသွားသူနှင့် ဉာဏ်နှင့်ယှဉ်သော စိတ်ဖြင့်ကြည့်သွားသော ခရီးသွားသူဟူ၍ နှစ်မျိုးရှိ ကြောင်း၊ အုတ်ခုံ၊ ကျောက်တိုင်၊စေတီ၊ ဆင်းတု၊ ကျောင်းဆောင်တို့၏နောက်က ဘာသာရေးနှင့် ယဉ်ကျေးမှုအနုပညာတို့ အရသာကို ခံစားတတ်အောင် ခရီးသွားလျှင် Spiritual Tourism ဖြစ်ကြောင်း ပြောသွားပါသည်။ ပြည်နယ်အစိုးရဝန်ကြီး (ဟောမဆေးပြည်နယ်)က ယူနက်စကိုအဖွဲ့သည် ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်ကို ကမ္ဘာ့လူသားအားလုံး အမွေဆိုင် (World Heritage)ကြေညာလိုက် ကြောင်း၊ ယဉ်ကျေးမှုနှင့် ဘာသာရေး ခွဲမရကြောင်း၊ အားလုံးဝိုင်းဝန်း စောင့်ရှောက်ကြရန် ပြောသွားသည်။ နံနက် ၁၁ နာရီခွဲမှာ သမ္မတကြီးက ဆီမီးတိုင်ကို ညှိထွန်းပေးသည်။ အာရှတိုက် ဗုဒ္ဓဘာသာ ၁၆ နိုင်ငံမှ အဖွဲ့ခေါင်းဆောင်များအား ဗောဓိပင်များ လက်ဆောင် ပေးသည်။ ရုရှား၊ မွန်ဂိုလီးယား၊ ဘူတန်၊ တရုတ်၊ တောင်/မြောက် ကိုရီးယား၊ ဂျပန်၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ မြန်မာ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ စင်ကာပူနိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များသည် ဗုဒ္ဓဂယာ မဟာဗောဓိပင်ကြီး၏ ပင်ပွားဗောဓိပင်များကို ရရှိပင့်ဆောင်ခဲ့ကြပါသည်။ အိန္ဒိယသမ္မတကြီး ဒေါက်တာ ပီဂျေ အဗ္ဗဒူလ်ကလမ် မိန့်ခွန်းပြောကြားပါသည်။ သမ္မတကြီးက သူ၏မိန့်ခွန်းကို ဗုဒ္ဓံသရဏံဂစ္ဆာမိဖြင့် စလိုက်ပါသည်။ သမ္မတကြီး၏ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ ရွတ်ဆိုသံကိုကြားရကုန်သော ပရိသတ်အားလုံးတို့က လက်ခုပ်သံနှင့် သာဓုခေါ်ဆိုသံတို့ဖြင့် ချီးကျူးဩဘာပြုကြသည်မှာ ပွဲဦးအစ ကြည်နူးဖွယ်ကောင်းစွဟု ဆိုရမည်ဖြစ်သည်။

သူ၏မိန့်ခွန်းခေါင်းစဉ်မှာ ကျယ်ပြန့်သော စည်းလုံးညီညွတ်ခြင်းနှင့် ကျယ်ပြန့်သောနားလည်မှုရရှိခြင်း Universal Unity and Understanding ဖြစ်ပါသည်။ Spiritual Tourismဆိုတာ စိတ်ထဲနှလုံးသားထဲကို လှည့်လည်သွားလာခဲ့တယ်။ ဗုဒ္ဓသည် ၄၅နှစ်အတွင်း ၄၅နေရာ လှည့်လည်သွားလာခဲ့တယ်။ သူသွားခဲ့တဲ့ နေရာတိုင်းမှာ အသိဉာဏ်အလင်းရောင်တွေ ပေးခဲ့တယ်။ နေရာတိုင်းဟာ Enlightenment Place တွေချည်းပဲ။ ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ နှလုံးသားထဲမှာ လှည့်လည်ရမယ်။ သစ္စာတရားဆိုတာ နှလုံးသားထဲမှာ ရှိတယ်။ သစ္စာကိုတွေ့မှ အလင်းရောင်ရမယ်။ သစ္စာကိုသိမြင်ခြင်းဟာ The Light of Enlightenment ဖြစ်တယ်စသည်ဖြင့် သစ္စာလေးပါး သစ္စာနှင့်သန္တိ၊ အမှန်တရားနှင့် ငြိမ်းချမ်းရေး၊ နာလန္ဒတက္ကသိုလ်အကြောင်း၊ သူရောက်ခဲ့တဲ့ ဗုဒ္ဓဂယာသံဃာနှစ်ပါးနှင့်ဆွေးနွေးပုံ၊ Religion နှင့် World Peace၊ သစ္စာလေးပါးတို့ကို ကျယ်ပြန့်စွာ ပြောသွားပါသည်။ သမ္မတကြီး၏ မိန့်ခွန်းအပြီးမှာ အိန္ဒိယနိုင်ငံတော်သီချင်းကိုသီဆိုကြသည်။သမ္မတကြီးပြန်သွားသည်။နံနက်ပိုင်းဖွင့်ပွဲအစီအစဉ် ပြီးသွားသည်။ နေ့လယ်စာ စားကြသည်။ ခန်းမဆောင်ကြီးထဲမှာ တရုတ်၊ အိန္ဒိယ အစားအစာမျိုးစုံ၊ သက်သတ်လွတ်၊ မလွတ်၊ အချိုအချဉ် အသီးမျိုးစုံ တည်ခင်းထားသည်။ ကြိုက်ရာကို ကိုယ့်ခွက်ကိုယ်ဆွဲ တန်းစီတိုးစားဖြစ်ပါသည်။ ထေရဝါဒသံဃာတော်များ အခက်အခဲများစွာ တွေ့ကြရသည်။ သံအမတ်ကြီး ဦးကြည်သိန်းနှင့် သီတဂူ ဦးခင်မောင်ဝင်းတို့ ပါလာသည့်အတွက် မိမိမှာ အခက်အခဲမရှိပါ။ မျက်လုံးကျယ် ခန္တီဖြင့်ကြည့်ရပါသည်။ မျက်လုံးကျဉ်းသူတို့မှာတော့ သမာဓိဖြင့်ကြည့်ရပါသည်။ လူသားတို့စိတ်ဓာတ် တည်ငြိမ်ရေး၊ ကမ္ဘာငြိမ်းချမ်းရေးအတွက် နာလန္ဒမှာ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး ပြန်လည်တည်ဆောက်ရန် နှိုးဆော်သွားသော အိန္ဒိယသမ္မတကြီး ဒေါက်တာ A.P.Jအဗ္ဗဒူလ်ကလမ်ကို ဝမ်းမြောက်စွာ ကျေးဇူးတင်ရပါသည်။ ထို့ပြင် အိန္ဒိယတစ်ပြည်လုံး ပျံ့နှံ့နေသော ဗုဒ္ဓဘာသာနှင့်ဆိုင်သောမှတ်တိုင်များကို ဤဗုဒ္ဓဘာသာ အစည်းအဝေးကြီးက ပြန်လည်ဖော်ထုတ်ခြင်းဖြင့် ကမ္ဘာမှာ အကျိုးအမြတ်များစွာဖြစ်စေနိုင်ပါသည်ဟု ပြောသွားသော အိန္ဒိယအစိုးရ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဂျက်မိုဟန်ကိုလည်း ကျေးဇူးတင်ရပါသည်။

နေ့လယ်စာစားပြီး ၁ နာရီတွင် ထိုင်း၊သီလရှင်ကြီးများက မေတ္တာသုတ်ရွတ်ဆို ကြိုဆိုကြပါသည်။ ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန အတွင်းဝန် သီရိစနိန္ဒရကုမာရက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် နာရီဝက်ခန့်နား၊ အချို၊ အအေး၊ လက်ဖက်ရည်သောက်ကြပြီး အစီအစဉ်(၂)ကို စပါသည်။ ပြောဆိုဆွေးနွေးကြရမည့် အကြောင်းအရာမှာ ဗုဒ္ဓဘာသာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး (Buddhism and World Peace) ဖြစ်ပါသည်။ စကားပြောကြမည့် တိုင်းပြည်ကိုယ်စားလှယ်များမှာ ဘူတန်၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ မြောက် ကိုရီးယား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ အင်္ဂလန်တို့မှ ကိုးဦး ပြောကြရမည် ဖြစ်ပါသည်။ သဘာပတိကတော့ ပါမောက္ခကရစ်ရှ်နာနာ့သ် ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် မိမိက တာဝန်ယူပြောဖို့၊ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒသည် ကမ္ဘာ့လူသား အားလုံးဆိုင်သည့် အမွေဆိုင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဗုဒ္ဓနှင့်ဆိုင်သော နေရာများ၊ ဘုရားစေတီ ကျောင်းများ စာပေများကို ကမ္ဘာ့အမွေဆိုင်အဖြစ် တစ်ကမ္ဘာလုံး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ဖို့ ထူးခြားမြတ်သည့် ခြောက်ဌာန၊ ခေတ်မီပြတိုက်၊ စာကြည့်တိုက်၊ ကမ္ဘဋ္ဌာန်းဌာန၊ တက္ကသိုလ် တည်ဆောက်ဖို့ အကြံပြုစာတမ်းကို ရေးလာခဲ့သည်။ သို့သော် ခေါင်းစဉ်က ဗုဒ္ဓတရားနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး ဖြစ်နေသည့်အတွက် မိမိရှေ့ ငါးနိုင်ငံက လူငါးဦး ပြောနေကြစဉ် သူတို့ပေးထားသော ခေါင်းစဉ်နှင့် လိုက်လျောအောင်မည်သို့ပြောရမည်ကို စဉ်းစားနေရလေသည်။ ကိုရီးယား၊ ဂျပန်၊ မွန်ဂိုလီးယား ဗုဒ္ဓဘာသာကိုယ်စားလှယ်များမှာ ခေါင်းဆောင်က သူတို့ တိုင်းရင်းသားဘာသာနှင့် ပြောပြီး အင်္ဂလိပ်စာတတ်သော တပည့် တစ်ယောက်က ဘာသာပြန်ပေးရသည်။ အင်္ဂလိပ်စကားကို အိန္ဒိယပြည်မှာ ခြံဝင်းစောင့်၊ ထမင်းချက်သူကစပြီး ပြောတတ်ကြသည်။

မိမိအလှည့်သည် ၃ နာရီ ညနေစောင်းမှာ ရောက်လာသည်။ ရှေ့က ငါးဦး ပြောခဲ့ပြီးပြီ။ သူတို့ ဘာပြောလိုသည်ကို ကြိုးစား၍ နားလည်အောင် လုပ်ယူရသည်။ ကိုယ့်အလှည့်မှာ အင်္ဂလိပ်စာတတ်သူတိုင်း နားလည်အောင် ကြိုးစားပြောပါသည်။ နားလည်ကြသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကိုပြောလျှင် တစ်ယောက်ချင်း ငြိမ်းချမ်းရေးအရင် လုပ်ရမည်။ ကမ္ဘာ=လောက= World ဆိုတာ လူတို့၏ အစုအပေါင်းနှင့် လူတို့၏ နေရာဖြစ်သည်။ ထို့ကြောင့် လူအပေါင်းနှင့် လူတို့နေရာ ငြိမ်းချမ်းဖို့ မိမိတို့ တစ်ယောက်ချင်းကစပြီး ကိုယ်တွင်းငြိမ်းချမ်းဖို့ လိုပါသည်။ Individual Peace and Internal Peace ကို တည်ဆောက်ရာမှာ မိမိ၏ ကိုယ်နှုတ်စိတ်ပေါ်မှာ သီလသမာဓိ ပညာကို တည်ဆောက်ရမှာဖြစ်ကြောင်း၊ ဒီတရားသုံးပါးအပေါင်းကို ဓမ္မဟုခေါ်ကြောင်း၊ ဒါကြောင့် ဒီဓမ္မကို ပြန်လည်တည်ဆောက်ဖို့လိုကြောင်း၊ ဗုဒ္ဓသည် နီပေါမှာ မွေးဖွားခဲ့တယ်၊ အိန္ဒိယမှာ ပရိနိဗ္ဗာန်စံခဲ့တယ်။ ဓမ္မသည် အိန္ဒိယပြည် မိဂဒါဝုန်မှာ မွေးဖွားခဲ့တယ်။ လုမ္ဗိနီသည် ဗုဒ္ဓဖွားရာ မြေဖြစ်သလို မိဂဒါဝုန်သည် ဓမ္မ၏ ဖွားမြေဖြစ်ခဲ့တယ်။ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၁၅၀၀ခန့်မှာ ဓမ္မဟူသော Buddhism သည် အိန္ဒိယမှာပင် ကွယ်လွန်ခဲ့ပြီ။ အိန္ဒိယက ဓမ္မ၏ မွေးရာမြေဖြစ်သလို ဓမ္မ၏ သေရာမြေလည်း ဖြစ်နေပါသည်။ ဒီဓမ္မဟူသော Buddhism က သူ့အမိမြေမှာ ပြန်လည်ရှင်သန်လာဖို့ ခေတ်မီပြတိုက်ကြီးများ၊ ဓမ္မတက္ကသိုလ်ကြီးများ၊ ဘုန်းကြီးကျောင်းများ၊ ကမ္မဋ္ဌာန်းဌာနများကို အိန္ဒိယအစိုးရနှင့် နိုင်ငံစုံ ဗုဒ္ဓဘာသာအဖွဲ့အစည်းများ စုပေါင်းတည်ဆောက်ဖို့လိုကြောင်း၊ မြတ်ဗုဒ္ဓ ၂၅ နှစ်နေသွားတဲ့ သာဝတ္ထိလိုနေရာမျိုးမှာ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ဗောဓိပင်ပျိုလှူဒါန်း

အိန္ဒိယနိုင်ငံ သမ္မတကြီးက မြန်မာနိုင်ငံအတွက် ပေးအပ်လှူဒါန်းသည့် ဗောဓိပင်ပျိုကို သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား ပေးအပ်စဉ်။

သံအမတ်ကြီးဦးညွန့်မောင်ရှိန် ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ချက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညွန့်မောင်ရှိန်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ပရပ်ခ်(ပရာဟာ)မြို့၌ ချက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဗာကလဗ် ကလော့စ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

သံအမတ်ကြီးဦးအုန်းသွင် ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

တောင်အာဖရိက သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအုန်းသွင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ပရီတိုးရီးယားမြို့၌ တောင်အာဖရိက သမ္မတနိုင်ငံ သမ္မတ မစ္စတာ တာဘို၊ အမ်၊ အမ်ဘီကီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

အလိုတော်ပြည့်ဆရာတော်အားဂုဏ်ဝိသိဋ္ဌပူဇာသဘင်များကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းဆက်ကပ်လှူဒါန်းခြင်းခံရသော အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တအရိယဝံသမထေရ်မြတ်အား ဂုဏဝိသိဋ္ဌပူဇာသဘင်ပူဇော်ပွဲများကို ဆရာတော်ဦးစီးတည်ထောင်ထားသော ပရိယတ္တိစာသင်တိုက်များနှင့် ဓမ္မရိပ်သာကျောင်းတိုက် အသီးသီးတို့မှ ဂေါပကလူကြီးများ၊ တပည့်ဒါယကာ ဒါယိကာမများ၊ ယောဂီပုဂ္ဂိုလ်များက သက်ဆိုင်ရာမြို့အသီးသီးတို့၌ ကျင်းပကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သွေးဆေးကန်ဆရာတော်ဘဒ္ဒန္တတေဇိန္ဒမိုးကုတ်တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်မြို့ အမှတ် ၈၂၊ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏ တစ်လနှစ်ကြိမ် ကျင်းပအပ်သော ၁၀ရက်တရားစခန်းပွဲ၏ မတ်လ ပထမပတ် တရားပွဲကို မတ် ၅ ရက်မှ ၁၄ ရက် (တပေါင်းလပြည့်နေ့မှ တပေါင်းလပြည့်ကျော် ၉ ရက်) ထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယဖြစ်သော ဘဒ္ဒန္တ တေဇိန္ဒ (B.Sc. Phy) က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ဂန္ဓကုဋိတိုက်အုတ်မြစ်တော်စိ မင်္ဂလာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

သန်လျင်မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ရိပ်သာ (ဖားအောက် တောရရိပ်သာခွဲ)တွင် တည်ထားမည့် ဂေါတမက ဂန္ဓကုဋိတိုက် အုတ်မြစ်တော်စိ မင်္ဂလာအခမ်းအနားကို (တပေါင်းလပြည့်နေ့) မတ် ၅ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှအလှူရှင်များ အချိန်မီကြွရောက်လှူဒါန်းကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

စာမျက်နှာ(၁၀)ဆောင်းပါးမှအဆက်

လေယာဉ်ကွင်းများ၊ ဘုန်းကြီးကျောင်း၊ ဓမ္မသင်တန်းကျောင်း၊ တက္ကသိုလ်၊ ကမ္မဋ္ဌာန်းဌာန စသည်တို့ တည်ဆောက်သင့်ကြောင်း ပြောကြားပါသည်။ သီလသည် လူတိုင်း၏ကိုယ်နှုတ်ကို ငြိမ်းချမ်းစေသည်။ သမာဓိသည် လူသားတိုင်း၏စိတ်ကို ငြိမ်းချမ်းစေသည်။ ပညာသည် လူသားတိုင်း၏ စိတ်ကိုဖြူစင်စေသည်။ အိန္ဒိယပြည်ကြီးဟာ အံ့သြစရာကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ဟိန္ဒူဘာသာ၊ ဂျိန်းဘာသာ၊ ဗြဟ္မဏဘာသာ၊ ဆစ်ဘာသာ၊ ဗုဒ္ဓဘာသာနှင့် နတ်ကိုးကွယ်မှုဘာသာ အမျိုးမျိုးတို့ ပေါ်ပေါက်ရာဖြစ်သောကြောင့်ပါပဲ။ ဒါကြောင့် အိန္ဒိယကို Land of Religions လို့ ဆိုရမှာဖြစ်ပါတယ်။ ပါဠိ၊ သက္ကတ၊ ပရာကရိတစသော ဘာသာစကားပေါင်း မြောက်မြားစွာတို့ ပေါ်ပေါက်ရာမှာ ဟိန္ဒူဘာသာလဲဖြစ်သောကြောင့် Land of Languages လို့လဲ ဆိုရမှာဖြစ်ပါတယ်။ ပိဋကတ်သုံးပုံ၊ ဝေဒသုံးပုံတို့ ဖြစ်ထွန်းရာအရပ်ဖြစ်သောကြောင့် Land of Literatures လို့လဲ ဆိုရမှာဖြစ်ပါတယ်။ အမျိုးဇာတ်တွေကလဲ ခတ္တိယ၊ ဗြဟ္မဏ၊ ဝေဿ၊ သုဒ္ဒစသည် များစွာရှိနေတဲ့အတွက် Land of Castes လို့လဲ ဆိုနိုင်ပါတယ်။ ပြီးတော့ ယဉ်ကျေးမှုတွေကလဲ မြောက်မြားစွာရှိတော့ Land of Cultures လို့လဲ ဆိုနိုင်ပါသေးတယ်။ ဘာသာတရား၊ ဘာသာစကားတွေ မည်မျှများစေကာမူ လူသားတို့ရဲ့ ဘဝပြဿနာ၏ အဖြေကို ရှာရာမှာတော့ ကိုးကွယ်မှုအမျိုးဇာတ်၊ ယဉ်ကျေးမှုနှင့် ဘာသာစကားတွေ မည်မျှများစေကာမူ လူသားတိုင်းရဲ့ ဘဝပြဿနာဟာ အတူတူပဲ၊ ဘဝပြဿနာရဲ့ အကြောင်းရင်းဟာလဲ အတူတူပါပဲ။ ဒါဆိုရင် ပြဿနာရဲ့ အဖြေဟာလဲ တူရမှာပါပဲ။ ဗုဒ္ဓဘာသာတွေ၊ ဟိန္ဒူတွေမွေးတဲ့မီး ဂျူးတွေ၊ ဂျိန်းတွေ၊ မွတ်စလင်တွေမှာလဲ ပူမှာပါပဲ။ ဂျိန်းတွေ၊ ဂျူးတွေ တူးတဲ့ရေတွင်းထဲကရေဟာ ခရစ်ယာန်တွေ၊ အစ္စလာမ်တွေမှာလဲ အေးစေ၊ သန့်ရှင်းစေမှာပါပဲ။ အဲဒါကြောင့် ကိလေသာဟာ မီးလိုပါပဲ။ လူမျိုးတိုင်းရဲ့ ဘဝပြဿနာများရဲ့ အကြောင်းအရင်းဖြစ်ပါတယ်။ ဓမ္မဟာ သီလ၊ သမာဓိ၊ ပညာက လူသားတိုင်းရဲ့ ဘဝပြဿနာ၊ အားလုံး၏ အဖြေဖြစ်ပါတယ် စသည်ဖြင့် ပြောပြပြီး မိမိရေးသားခဲ့သော စာတမ်း၏အနှစ်ချုပ်ကို ပြောပြ၍ နိဂုံးချုပ်ပါသည်။ သာဓုခေါ်ဆိုသံ ခပ်မှေးမှေးရဲ့အပေါ်မှာ လက်ခုပ်သံတွေက ညံသွားပါသည်။ မိမိရဲ့နောက်က စင်ကာပူမှ အရှင်ဝေရဂေါ၊ အင်္ဂလန်မှ အရှင်ပီယဓဿီ၊ ထိုင်းနိုင်ငံမှ အရှင်ရာဇရတနမောဋ်တို့ ပြောကြပါသည်။ စင်ကာပူမှ အရှင်ဝေရဂေါက သူပြုစုထားတဲ့ ဓမ္မသုံးဘာသာ ဘာသာပြန်စာအုပ် နိဒါန်းဖတ်ပြီး CD ဖွင့်ပြ၍ ဓမ္မပဒတရားအနှစ်ချုပ် ဟောပါသည်။ ဓမ္မပဒ CD ခွေတ်ပြားများကို ပရိသတ်များ၊ ကိုယ်စားလှယ်များအား ဝေငှလှူဒါန်းပါသည်။ ထိုနေ့ ၁၇ရက် ဖေဖော်ဝါရီလညနေခင်းမှာ ပျော်စရာအကောင်းဆုံးပါပဲ။ ခန်းမဆောင်ကထွက်တော့ ဝိုင်းအုံနှုတ်ဆက်ကြ၊ လိပ်စာကတ်တောင်းကြ၊ လဲလှယ်ကြ၊ မြန်မာပြည်ကို ဘယ်လိုလာရမလဲမေးကြ၊ စတုတ္ထအကြိမ် ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးမှာ သူတို့ကိုဖိတ်စမ်းပါ၊ လာပါရစေ ဆိုသူတွေဆိုကြ။ ဂုဏ်ယူပြုံးနှင့် ပြုံးနေသူကတော့ နယူးဒေလီရောက် မြန်မာသံအမတ်ကြီး ဦးကြည်သိန်းပါပဲ။ ဓာတ်ပုံတွဲရိုက်သူတွေကလည်း မနည်း။ ဘင်္ဂလားဒေ့ရှ်နှင့် မွန်ဂိုလီးယား ဘုန်းကြီးများက ခန်းမဆောင်အဝင်ဝက ကြမ်းပြင်ထိုင်ပြီး ရှိခိုးနေတာကို သတင်းထောက်တွေက ဓာတ်ပုံရိုက်ယူကြသည်။ ပြီးတော့ စာနယ်ဇင်းနှင့်ရုပ်မြင်သံကြား သတင်းထောက်တွေရဲ့ လူတွေ့ မေးမြန်းတာ (၆)ကြိမ်ဖြစ်ပါသည်။ ဟောပြောချက် စာတမ်းကို သံအမတ်ကြီးက ကော်ပီလုပ်၍ဝေငှရာမှာ အစုံ၂၀၀ဖြစ်ပါသည်။ မိနစ်ပိုင်းအတွင်းမှာ ကုန်သွားပါသည်။ ပထမနေ့ ညနေခင်း အစည်းအဝေးပြီးသောအခါ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အားလုံးကို ဘတ်စကားလေးစီးဖြင့် အမျိုးသားပြတိုက်၊ ယဉ်ကျေးမှုပြတိုက်တို့ကို လိုက်ပြပါသည်။ ညဘက်တွင် အသောက ဟိုတယ်၌ အိန္ဒိယယဉ်ကျေးမှု အက၊ အဆိုများဖြင့် ညစာစားပွဲမှာ ဧည့်ခံပါသည်။ ထေရဝါဒ ရဟန်းတော်အများ မတက်ကြပါ။ မဟာယာနရဟန်း၊ သီလရှင်၊ ဘိက္ခုနီအားလုံး တက်ရောက် စားသောက်ကြပါသည်။

ပထမနေ့ ၁၇ ရက် ဖေဖော်ဝါရီမှာပင် တတိယအစီအစဉ်တစ်ခုကို ဝိဇယဘဝန်ခန်းမကြီး၏အခန်း(၅)မှာ နေ့ ၂ နာရီမှစ၍ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ လာအို၊ မွန်ဂိုလီးယား၊ သီရိလင်္ကာ၊ တိဗက်၊ တရုတ်(တိုင်ပေ)၊ ဗီယက်နမ် ကိုယ်စားလှယ်များက “၂၁ ရာစုနှစ်-ဗုဒ္ဓဘာသာ”ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြပါသည်။

ဒုတိယနေ့ ၁၈ ရက် ဖေဖော်ဝါရီနံနက် ၉ နာရီခွဲမှစ၍ အစည်းအဝေးခန်း(၆)တွင် ဗုဒ္ဓဘာသာဘုရားဖူး အိန္ဒိယမှာ လှည့်လည်ခြင်း ဘာသာရပ်ကို ဆွေးနွေးကြပါသည်။ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ကိုရီးယား၊ နီပေါ၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာနှင့် အမေရိကတို့မှ ကိုယ်စားလှယ်များက ၁၁ နာရီခွဲအထိ ဆွေးနွေးကြပါသည်။ အရှင်သုမေဓာ၊ မဟာဗောဓိအသင်း ဗာရာဏသီက သဘာပတိလုပ်ပါသည်။ ထိုဒုတိယနေ့တွင် အခန်း(၆)မှာ တစ်ချိန်တည်းမှာပင် ဗုဒ္ဓဘာသာနှင့် ကမ္ဘာ့အရပ်ရပ် အခြေအနေကို ကမ္ဘောဒီးယား စင်ကာပူ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ထိုင်း၊ လာအိုနိုင်ငံများမှ ကိုယ်စားလှယ်များက ဆွေးနွေးကြပါသည်။

ထိုဒုတိယနေ့တွင် တစ်ချိန်တည်းမှာပင် အခန်း(၄)မှာ အိန္ဒိယပြည် ဗုဒ္ဓဘာသာအမွေခံနေရာများကို ၁၄ ပိုင်းခွဲ၍ ပြည်နယ်ပေါင်း ၁၄ ခုတို့မှ ခရီးသွားလုပ်ငန်းအဖွဲ့များက ဆလိုက်များ၊ ကွန်ပျူတာ ပါဝါပွိုင့်များ၊ ဗီဒီယိုများဖြင့် ပြသပါသည်။ အလွန်ကြည့်ကောင်းပါသည်။ မိမိနှင့် သံအမတ်ကြီးတို့ ထိုအခန်းကို ရွေး၍ သွားကြပါသည်။ အန္ဒရာပြည်နယ်၊ အဂုဏာဆာလ်ပြည်နယ်၊ ဘီဟာပြည်နယ်၊ ဆဟတ်ထိဂတ်ပြည်နယ်၊ ဂျမူးကက်ရှ်မီးယားပြည်နယ်၊ ဟိမဆေးပြည်နယ်၊ မဟာရဋ္ဌပြည်နယ်၊ ဩရိဿပြည်နယ်၊ ဆစ်ကင်းပြည်နယ်၊ ဥတ္တရာပထပြည်နယ်၊ အနောက် ဘင်္ဂလားပြည်နယ်များမှ ဗုဒ္ဓဘာသာ ကျောင်းကန်ဘုရား၊ စေတီပုထိုး၊ ရှေးဟောင်းအမွေအနှစ်များကို ကြည့်ရသည်မှာ သွားရောက်ချင်ဖွယ်ရာချည်း ဖြစ်ပါသည်။

နံနက် ၉နာရီခွဲမှ ၁၁ နာရီအထိကြည့်ပြီး မြန်မာသံရုံးမိသားစု၏ တစ်အိမ်တစ်ခွက် စုပေါင်းဆက်ကပ်လှူဒါန်းသည့် ဆွမ်းကို သုံးဆောင်ပါသည်။ ပြီးလျှင် သံအမတ်ကြီး၊ သံရုံးဝန်ထမ်းများ လိုက်ပါလျက် ကမ္ဘာ့စာအုပ်ပြပွဲသို့ သွားရောက် ပြီး စာအုပ် ၂၀၀၀၀ ဖိုး ဝယ်ခဲ့ပါသည်။ ညနေ ၆နာရီ အသောက ဟိုတယ် ပြန်ရောက်တော့ နိုင်ငံပေါင်း ၂၅နိုင်ငံ အိန္ဒိယ၏ ပြည်နယ်ပေါင်း၂၀ မှ ကိုယ်စားလှယ်များ ဟိုတယ်အောက်ထပ်မှာ မိတ်ဆက်စကားပြော၊ လိပ်စာလဲ၊ ဓာတ်ပုံရိုက် အလုပ်ရှုပ်နေကြပါသည်။ မိမိလည်း ပူးပေါင်းပါဝင် သွားပါသည်။ ညဘက် ၇နာရီခွဲ၌ ဥယျာဉ်ထဲမှာ အိန္ဒိယ၏ လှပသောရှုခင်းများ ကွန်ပျူတာ ပါဝါပွိုင့်နှင့်ပြပြီး အတီးအမှုတ် အဆိုအက ညစာနှင့်ပါ တွဲဖက်ဧည့်ခံပါသည်။ မိမိအခန်းမှာ နားနေသည်။ စည်းရုံးရေးမှူး (အိန္ဒိယခရီးသွားဌာန ကုလားမလေး)က သုံးကြိမ်ခေါ်ပါသည်။ ငြင်းဆိုခြင်းသည် မင်္ဂလာမရှိဟူသော ကျမ်းဂန်စကားကိုထောက်၍ သုံးကြိမ်တောင်းပန်ခေါ်သော ကုလားမလေး ဝဇီရဒေဝီ၏ ဖိတ်ခေါ်မှု လက်ခံ၍ ဥယျာဉ်ပွဲကိုဝင်ရပါသည်။ ဥယျာဉ်အဝင်လမ်းဘေးဝဲယာမှာ တန်းစီလက်အုပ်ချီနေကြသော ဧည့်ကြိုကုလားမလေးများကို Good Evening ဟု တဖွဖွနှုတ်ဆက်ရင်းဝင်သွားကာ ပိတ်ကားပြင်နှင့် တည့်တည့်နေရာမှာထိုင်၊ အိန္ဒိယ၏အလှအပရှုခင်းနှင့် စေတီဟောင်း၊ ကျောင်းပျက်များကို ကြည့်ရပါသည်။ လာဒက်(ဟိမဝန္တာတောင်ကြား) သာသနိကအဆောက်အအုံများ အထူးစိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ လူပုဂ္ဂိုလ်တွေနှင့် မဟာယာန ရဟန်း၊ သီလရှင်၊ ဘိက္ခုနီတွေ စားသောက်နေကြစဉ် မာလကာသီးဖျော်ရည် နှစ်ခွက်နှင့်ပဲ ရောင့်ရဲ၍ အခန်းသို့ ပြန်ခဲ့ပါသည်။

တတိယနေ့ ၁၉ ရက် ဖေဖော်ဝါရီမှ ဗုဒ္ဓဂယာနှင့် မိဂဒါဝုန်သွားရမည်ဖြစ်၍ ပစ္စည်းတွေသိမ်းဆည်း၊ စာရွက်စာတမ်းတွေစုစည်း၊ စည်းရုံးဆက်သွယ်ရေးတာဝန်ခံနှင့် ဆက်ထွက်ခွာရမည့် အချိန်တွေ၊ အစီအစဉ်တွေရအောင် ရယူရပါသည်။ ဟိုတယ်မှာသုံးရက် နံနက်ဆွမ်းကို သံအမတ်ကြီး ဦးကြည်သိန်းမိသားစု၊ စစ်သံမှူး ဗိုလ်မှူးချုပ်ကျော်ကျော်နှင့်မိသားစု၊ W.H.O မှ ဆရာဝန်ကြီး ဦးသန်းစိန် မိသားစုတို့က တစ်ရက်စီ ကပ်ကြပါသည်။ မုန့်ဟင်းခါး၊ မုန့်တီ လက်သုပ်၊ ကြက်သားပလာတာတို့ဖြင့် အဆင်ပြေလှပါသည်။ သီတဂူခင်မောင်ဝင်းနှင့် လူပေါင်း ၃၀၀ ခန့် ရထားနှင့်သွားကြရပါသည်။ V.V.I.P ကိုယ်စားလှယ် ၁၅၀နှင့် ဝန်ကြီးသုံးပါး၊ အရေးကြီးအာဏာပိုင်ပုဂ္ဂိုလ်များ၊ လူ ၅၀ ခန့်တို့ Air Bus A-320 ဖြင့် ဒေလီမှ ဗုဒ္ဓဂယာသို့ တိုက်ရိုက်ပြန်ပါသည်။ မိမိမှာ V.V.I.P ဖြစ်သောကြောင့် လေယာဉ်အထူးတန်းမှာ နေရာရပါသည်။ လေယာဉ်အတက်မှာ လုံခြုံရေးစစ်ဆေးခံရခြင်းမှလွဲ၍ အခြားအားလုံးအခွင့်အရေးအပြည့်ရပါသည်။ ဒေလီ-ဗုဒ္ဓဂယာ ၁ နာရီ ၄၅ မိနစ်ပျံသန်းရပါသည်။ ဒေလီ၌ မြူဆိုင်း၍ နံနက်ခင်း လေယာဉ်အထွက်နောက်ကျသောကြောင့် ဂယာလေဆိပ်သို့ ၉ နာရီခွဲမှာ ရောက်ပါသည်။ စည်းရုံးရေး၊ ဆက်သွယ်ရေးမှူးများက လေယာဉ်ပေါ်မှာကတည်းက ကိုယ်စားလှယ်အားလုံးကို အုပ်စုတွဲ၍ ကားစီစဉ်ထားရာ မိမိမှာ သီရိလင်္ကာနှင့်တွဲလျက် ကားနံပါတ်(၁၁)မှာ စီးရမည်ဟု သိထားပါသည်။ တဖြည်းဖြည်း နှောင်းရက်ရောက်လာပြီး နယူးဒေလီ၏အပြင်သို့ ရောက်လာခဲ့၍ အိန္ဒိယ၏ သဘာဝကိုလည်း သိထားပြီးဖြစ်သည့်အတွက် လေယာဉ်ပေါ်မှ ဆင်းမိသည်နှင့် တစ်ပြိုင်နက် ကားနံပါတ်(၁၁)ကို တွေ့အောင်ရှာပြီး ကားပေါ်တက်ထိုင်နေလိုက်ပါသည်။ သီဟိုဠ်ဆရာတော်နှစ်ပါး V.I.P ခန်းထဲဝင်သွားပြီး လက်ဖက်ရည်သောက်နေသည့်အတွက် ကားပျောက်၊ လူပျောက် နောက်ကျမှ ရောက်လာကြသည်။ ဂယာလေဆိပ်မှ မဟာဗောဓိသို့ရောက်တော့ ၁၀ နာရီထိုးပါပြီ။ အချိန်ဇယားတွေအားလုံး လွဲနေပါပြီ။ ဝန်ကြီးတွေ ဟိုတယ်မှာစားသောက်နေလို့ အခမ်းအနား နောက်ကျပြန်ပါပြီ။ နေရာစီစဉ်သူက သီရိလင်္ကာ နှစ်ပါးကို လေးပါးရေးထားပြီး မိမိနာမည်ရေးဖို့ ကျန်နေပါသည်။ ကိုယ့်နာမည်ရေးထားသော ထိုင်ခုံမရှိသည့်အတွက် သီဟိုဠ်ဘုန်းကြီး နှစ်ပါးအပိုထိုင်ခုံမှာ ထိုင်ရပါသည်။ အခမ်းအနားစတော့ ၁၀ နာရီခွဲပါပြီ။ မဟာဗောဓိစေတီတော်ကြီးကို UNESCO က ကမ္ဘာ့အမွေဆိုင် ကြေညာသည်ကို အိန္ဒိယအစိုးရက လက်ခံ၍ အတည်ပြုကြေညာသည့် အခမ်းအနားဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား မဟာဗောဓိအသင်းအတွင်းရေးမှူး အရှင်ဗောဓိပါလက အင်္ဂလိပ်ဘာသာဖြင့် မိန့်ခွန်းတွင် မဟာဗောဓိစေတီသမိုင်းကို ပြောရာ၌ မင်းတုန်းမင်းတရားကြီးကောင်းမှုများ၊ သီပေါမင်း ကောင်းမှုများ၊ မြန်မာတို့၏ မဟာဗောဓိစေတီတော်၌ များစွာကောင်းမှုတွေ များစွာရှိကြောင်း ပြောသွားတာ ကြားလိုက်ရပါသည်။ ၁၁ နာရီ မှာ ထေရဝါဒသံဃာများ ဆွမ်းစားကြွရောက်နိုင်ပြီဖြစ်ကြောင်း ကြေညာလိုက်သဖြင့် ဗုဒ္ဓဂယာ မြန်မာကျောင်း ဆရာတော် ဦးဉာဏိန္ဒနှင့်အတူ ဆိုက်ကားစီး၍ မြန်မာကျောင်းက မြန်မာထမင်းဟင်း(ငါးပိထောင်းနှင့် ချဉ်ရည်ဟင်း)အားပါးတရ စားပြီး ဆွမ်းစားဖို့ သတ်မှတ်ထားသော ဟိုတယ်သို့သွားပြီး နားနေလိုက်ပါသည်။ စင်ကာပူနှင့်နီပေါ ဆရာတော်များလည်း မြန်မာကျောင်းမှ ငါးပိနှင့် စားသွားကြပါသည်။ နေ့ ၂ နာရီမှာ ဂယာမှဗာရာဏသီသို့ လေယာဉ်ဆက်ပါသည်။ ကားနံပါတ်(၁၁)သီဟိုဠ်နှင့် မြန်မာတို့ကားဖြစ်သည်။ အင်္ဂလန်ကားမှာ နံပါတ်(၄)ဖြစ်သည်။ အင်္ဂလန်ဆရာတော် အရှင်ပီယဒဿီက မြန်မာကားနံပါတ်(၁၁) ပေါ်တက်ထိုင်လိုက်ရာ လမ်းညွှန် ဒကာလေး ထိုင်စရာနေရာမရှိတော့ပါ။ ကားမှာ ဆူဇူကီးဆလွန်းဖြစ်ပါသည်။ လမ်းညွှန် ကုလားလေးက သတ်မှတ်ထားသော ကိုယ့်ကားမှာ ကိုယ်စီးဖို့ပြော၍ အင်္ဂလန်ဆရာတော်ကို နှင်ချပါသည်။ အင်္ဂလန်ဆရာတော် မျက်နှာမသာမယာဖြင့် ဆင်းသွားရပါသည်။ အင်္ဂလန်ဆရာတော် အိန္ဒိယ၏ စည်းကမ်းကို လိုက်နာသွားရသည့်ဖြစ်ရပ်မှာ အတွေ့အကြုံတစ်ရပ်ဟု မှတ်ရပါသည်။ လေယာဉ်သည် ဂယာမှ ဗာရာဏသီသို့ ၂နာရီမှာထွက်ပါသည်။ ၂နာရီ၄၅ မိနစ်မှာ ရောက်ပါသည်။ဘတ်စကားလေးစီးဖြင့် စုပေါင်းခေါ်ဆောင်ပါသည်။ သီးခြား အထူးအစီအစဉ်မရှိတော့ ဝန်ကြီးတွေ လေယာဉ်ရုံးခန်းမှာ စကားပြောနေကြလို့ ၃ နာရီကျော်မှ လေဆိပ်မှထွက်ရပြီး ဗာရာဏသီပြတိုက်သို့ ၄ နာရီခွဲမှ ရောက်ပါသည်။ ကားပေါ်မှ ခရီးသွားလမ်းညွှန် ကုလားလေးနှစ်ယောက် ဗာရာဏသီမိဂဒါဝုန်သမိုင်းကို တစ်ယောက်တစ်လှည့်စီ ပြောလာကြရာ ပြတိုက်အဝင်ရောက်တော့မှ ရပ်ကြသည်။ ဗာရာဏသီဟာ Learning ဌာနလည်းဖြစ်သည်။ Burning ဌာနလည်း ဖြစ်သည်။ လူသေများကို ဂင်္ဂါမှာ မီးသဂြိုဟ်ပြာ မျှောသည်ကို ရည်ရွယ်ခြင်းဖြစ်သည်။ ဘာသာရေး၊ ယဉ်ကျေးမှု၊ စာပေ၊ သမိုင်းတို့၏ အချက်အချာ ဗဟိုဌာန သူတို့ဟောပြောတာကို အများကြီး သင်ယူခဲ့ရပါသည်။ သို့သော် နေကုန်ပြီဖြစ်လို့ ဂင်္ဂါမှာ အလောင်းမီးဖုတ်သည်ကို မကြည့်ရသည့်အတွက် Burning နဲ့ လွဲပြီပေါ့ကွာဟု ကုလားလေးနှစ်ယောက်ကို နှုတ်ဆက်ခဲ့ပါသည်။ တအားရယ်မော၍ ကျန်ရစ်ခဲ့သည်။ အကြိမ်ကြိမ်ရောက်ခဲ့ပြီးသောနေရာကို လိုက်ပါသွားခြင်းသည် သူတို့လုပ်ကိုင်ဆောင်ရွက် စီမံပုံများကို လေ့လာရန်မျှသာဖြစ်သည်။ ထူးခြားသော အခွင့်အရေးကတော့ ဗာရာဏသီပြတိုက်အတွင်း ဓာတ်ပုံရိုက်ချင်တိုင်း ရိုက်ခဲ့ရခြင်းပင်ဖြစ်သည်။ သာမန်ဘုရားဖူးနှင့် ကမ္ဘာလှည့်ခရီးသည်တွေမှာ ကင်မရာကို အဝင်ဝမှာ ထားခဲ့ရပါသည်။ ဗာရာဏသီပြတိုက်အတွင်း ထင်ရှားသော ခြင်္သေ့လေးစီးနှင့် အသောက ကျောက်တိုင်အပေါ်ပိုင်း၊ ဂုတ္တခေတ် ဘုရားဆင်းတုများကို မိမိမှာပါလာသော ဆိုနီဒစ်ဂျစ်တယ် ကင်မရာလေးဖြင့် ရိုက်ယူခဲ့ရာ ပုံပေါင်း ၁၀၀ ကျော်မည် ထင်ပါသည်။ ဓာတ်ခဲကုန်မှ ရပ်ထားရပါသည်။ အခြားလူတွေ မိဂဒါဝုန်မှာလှည့်လည်နေစဉ် မိမိမှာ ဗာရာဏသီတက္ကသိုလ်တွင် ကျောင်းတက်နေကြသော တပည့်များနှင့်စကားပြောရင်း သစ်ပင်ရင်း မြက်ခင်းပြင်မှာ ထိုင်၍ အပန်းဖြေနေခဲ့ပါသည်။ ညနေ ၆နာရီမှာ မူလဂန္ဓကုဋိတိုက်မှထွက် ကားပေါ်တက်ထိုင်နေစဉ် လူမစုံသဖြင့် နာရီဝက်ခန့်စောင့်ရပါသည်။ ကားထွက်တော့ အဲယားကွန်ဒီရှင်းပျက်သွားပါသည်။ ပန်ကာလေနှင့် အအေးခံကြရပါသည်။ ဗာရာဏသီလေဆိပ်မှ ည ၇ နာရီခွဲထွက်သည့် လေယာဉ်သည် နယူးဒေလီသို့ ည ၈နာရီခွဲမှာ ပြန်လည်ရောက်ရှိပါသည်။ တစ်ရက်တည်း ဗုဒ္ဓဂယာနှင့် ဗာရာဏသီခရီး ပြီးပါသည်။ လေယာဉ်ကောင်းသည်။ လေယာဉ်ဝန်ထမ်းများ အပြုအစုကောင်းသည်။ အဲယားဆားဗစ်ကောင်းသည်။ မြေပြင်ပြုစုမှုများစွာဟာသည်။ နေရာတိုင်းမှာ အထူးဧည့်သည်တို့အားပေးရန် ပန်းစည်းများ၊ မလိုင်လုံးထုပ်များ၊ ပို့စ်ကတ်များ အဝင်ဝတိုင်းမှာ ပုံလျက်သားတွေ့ရသည်။ ပေးကမ်းတာမတွေ့ခဲ့၊ မရခဲ့ပါ။ စာအုပ်စာတမ်းမြင်လျှင်တော့ မြင်ရာမှာ မရအရတောင်းခဲ့ပါသည်။ ဒေလီမှ နောက်ဆုံးနှုတ်ဆက်ညစာစားပွဲ၊ ကပွဲ၊ ဆိုပွဲ နွှဲသူတို့ နွှဲကြ၊ ထေရဝါဒတို့ကတော့ မနွှဲပါ။ စည်းရုံးလှုံ့ဆော်ရေးမှူးတို့က ဟိုတယ်အခန်းသို့ဖုန်းဆက်၍ နှုတ်ဆက်ပါသည်။ နမသကာရ်=ရိုသေမြတ်နိုး ရှိခိုးပါ၏တဲ့။ အိန္ဒိယ၏ ပထမဆုံးသော ဝန်ကြီးချုပ် ပဏ္ဍစ်နေရူးက “မြတ်ဗုဒ္ဓသည် အိန္ဒိယ၏ ကြီးမြတ်သော သားရတနာတစ်ပါးဖြစ်သည်” လို့ ပြောသွားပါသည်။ အိန္ဒိယ ပြည်သူပြည်သား လူအများအားလုံး၏ နှလုံးသား၌ နေရူးစိတ်ဓာတ် ပျံ့နှံ့ဝင်ရောက်ပါစေဟု ဆုတောင်းရပါသည်။

အိန္ဒိယ၏ အပြင်မှာရှိနေကြသော မြတ်ဗုဒ္ဓ၏ သားတော်၊ သမီးတော်များ အိန္ဒိယသို့ မြောက်မြားစွာ ပြန်လည်ဝင်ရောက်လာအောင် ဆောင်ရွက်သော အစီအစဉ်အတွက် အိန္ဒိယအစိုးရကို လှိုက်လှဲစွာကျေးဇူးတင်ပါသည်။

သူတော်ကောင်းတရား နေရာတိုင်းမှာ ထွန်းတောက်ပါစေ-

သီတဂူဆရာတော် အရှင်ဉာဏိဿရ
၂၁ ဖေဖော်ဝါရီလ ၂၀၀၄
နယူးဒေလီ၊ အိန္ဒိယ။

သန်လျင်မြို့နယ် အောင်မင်္ဂလာဆုတောင်းပြည့်စေတီ ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင်မင်္ဂလာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာ အောင်မင်္ဂလာကျောင်းတိုက် အောင်မင်္ဂလာဆုတောင်းပြည့်စေတီတော် ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်က အဆိုပါစေတီတော်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ တက်ရောက်ပူဇော်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ထို့နောက် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဟံသာဝတီ ကမ္မဋ္ဌာန်းတိုက်ဆရာတော် ဘဒ္ဒန္တဇဝနထံမှ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဆရာတော်အရှင်သူမြတ်တို့အား ဆက်ကပ်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က မေတ္တသုတ်ပရိတ်တရားတော်များ ချီးမြှင့်ပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကိုယူဆောင်၍ စေတီတော် ဝတ္ထုကံပရဝဏ်အတွင်း ပက်ဖျန်းချည်နှောင်ကြသည်။ ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက သတ္တဋ္ဌာန ဌာပနာတော်များနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက ဓာတ်ပင်ပါဌာပနာတော်များနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ အလှူရှင် ဦးမောင်မောင်ဦး–ဒေါ်သက်ရီ (Jacob) နှင့် ဖိတ်ကြားထားသူများက လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် အောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမင်္ဂလက လှူဒါန်းမှုအစုစုအတွက် အနုမောဒနာ တရားများ ဟောကြားချီးမြှင့်တော်မူပြီး မဟာဓမ္မကထိက ဗဟုဇနဟိတရေ ညောင်ကန်အေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုန္ဒကက ဩဝါဒကထာများချီးမြှင့်တော်မူပြီး ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနား ပထမပိုင်း အစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။

အောင်မင်္ဂလာ ဆုတောင်းပြည့်စေတီတော် ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား ကျင်းပစဉ်။ (က–ပ)

ဆက်လက်၍ အောင်မင်္ဂလာဆုတောင်းပြည့် စေတီတော် ဌာပနာတော်သွင်းနှင့် ရွှေထီးတော်မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက စိန်ဖူးတော်ကိုလည်းကောင်း၊ ဒေါ်ခင်သက်ဌေးက ငှက်မြတ်နားတော်ကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဒွန်းလေးဘုံကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက ဆတ်သွားဖူးတော်ကိုလည်းကောင်း ပင့်ဆောင်ပြီး အလှူရှင်မိသားစုနှင့် တာဝန်ရှိသူများက ရွှေထီးတော်ဘုံအဆင့်ဆင့်ကိုပင့်ဆောင်ကာ စေတီတော်ကို လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် အောင်မင်္ဂလာစေတီတော် ဌာပနာသွင်းမင်္ဂလာအခမ်းအနားကိုကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့က စေတီတော် အလယ်ဌာပနာတိုက်၊ အထက်ဌာပနာတိုက်၊ အတွင်း သတ္တဋ္ဌာန ဌာပနာတော်များ ထည့်သွင်းပူဇော်ပြီး (ဝဲပုံ) အမွှေးနံ့သာရည်များပက်ဖျန်းကြရာ ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးစံသင်းလှိုင်က ဇယမင်္ဂလာဗောဓိယာမူလေ အစရှိသောအောင်ဂါထာတော်ကို ရွတ်ဖတ်ပူဇော်သည်။ ယင်းနောက် ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို အဏ္ဏဝါနတ်ပန်းယာဉ်ပျံဖြင့် တင်လှူပူဇော်ကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် တာဝန်ရှိသူများက ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့်ငှက်မြတ်နားတော်တို့ကိုတင်လှူပူဇော်ကြကာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက စိန်ဖူးတော်ကို စေတီတော် အထွတ်၌တင်လှူပူဇော်ပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြရာ အရံစေတီတော်များကိုလည်း ထီးတော်များ တစ်ပြိုင်တည်းပူဇော်ကြသည်။ ထိုအချိန်တွင် ရန်ကုန်တိုင်းသာသနာရေးဦးစီးဌာနမှူး ဦးစံသင်းလှိုင်က ဇယမင်္ဂလာဗောဓိယာမူလေ အစရှိသော အောင်ဂါထာတော်များဖြင့် ရွတ်ဖတ်ပူဇော်သည်။ ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ရတနာရွှေမိုးငွေမိုးရွာသွန်းဖြိုးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

(၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ အဖိတ်နေ့)
၂၆–၂–၂၀၀၄
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၀	၆။	အကပဒေသာ
၈း၁၀	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	စွန်ချောင်းရေလှောင်တမံ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	ချစ်စရာအရွယ်ကကြိုးသွယ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) [ရုက္ခဗေဒ]
၁၇း၁၅	၆။	တေးဂီတအစီအစဉ်
၁၇း၃၀	၇။	မြန်မာစာ မြန်မာစကား
၁၇း၄၅	၈။	**"အမှန်မြတ်ဆုံး လက်ဆောင်"** နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင် (ရှမ်းပြည်)၊ တင်တင်လှ (ဒါရိုက်တာ–မောင်မောင်မြင့်)
၁၈း၀၀	၉။	နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈း၁၅	၁၀။	မှုဟန်သွယ်သွယ်ဆိုကြမယ်
၁၈း၃၀	၁၁။	ညနေခင်းသတင်း
၁၉း၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၈း၀၅	၁၃။	Milo Success In Soccer
၁၉း၁၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း–၁)
၁၉း၃၅	၁၅။	တေးဂီတအစီအစဉ်
၁၉း၄၅	၁၆။	(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ ပန်းပု ပြိုင်ပွဲ ပြပွဲကြိုတင်ပြင်ဆင်မှုများ (ပန်းပု)
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့တိုင်းရင်းသားရိုးရာ ပဒေသာကပွဲ
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သိမ်ဖြူသင်္ဘောကျင်းတွင် တည်ဆောက်ပြီးစီးသည့် ဃဋိကာရရေယာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ဃဋိကာရရေယာဉ်ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် သိမ်ဖြူသင်္ဘောကျင်းမှ တည်ဆောက်ပြီးစီးသော ဃဋိကာရပင်လယ်ကူး ကုန်တင်ရေယာဉ်အားစစ်ဆေးရန် ယမန်နေ့မွန်းလွဲပိုင်းတွင် ဆိပ်ကမ်းမြို့နယ် နန်းသီတာဆိပ်ကမ်းသို့ရောက်ရှိရာ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် နန်းသီတာဆိပ်ကမ်း၌ ဆိုက်ကပ်ထားသောအထွေထွေကုန်တင် ဃဋိကာရရေယာဉ်ပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ရေယာဉ်နှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ယခုဆောက်လုပ်ပြီးစီးသော ရေယာဉ်မှာ အလျား ၁၉၁ ပေ၊ အနံ ၃၈ ပေ၊ ကုန်တင်ရေစူး ၆ ဒသမ ၅ ပေ၊ တန်ချိန် ၅၄၄ တန်၊ မှတ်ပုံတင် ရေယာဉ် ကုန်တန်ချိန် ၈၀၀ တင် ဆောင်နိုင်သည်။ ပျမ်းမျှသင်္ဘောသွားနှုန်းမှာ တစ်နာရီ ၁၁ မိုင်ရှိကြောင်းနှင့် ခေတ်မီရေကြောင်းသုံးပစ္စည်းကိရိယာများ တပ်ဆင်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၆–၂–၂၀၀၄
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅	၅။	မြန်မာသံစဉ်ချိုနှားဝင်
၄း၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅	၈။	မျိုးချစ်တပ်မတော်
၅း၀၅	၉။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Psychology in Home Light (ဒုတိယနှစ်၊ စိတ်ပညာ)
၅း၃၅	၁၀။	တိုင်းကျိုးပြည်ပြုဒို့ရေးရှု
၅း၄၅	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသသတင်း
၆း၂၅	၁၅။	မြန်မာ့ရှုခင်း
၆း၄၀	၁၆။	လျှပ်တစ်ပြက်
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တစ်ရေးချစ်ခွင့်"**(အပိုင်း–၁၁)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်
	၂၁။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုင်းပုနှင့်သောင်းချမ်"** (အပိုင်း–၃၄)
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

မိတ္ထီလာဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာစာရ (ကမ္မဋ္ဌာနာစရိယ)သည် မိတ္ထီလာမြို့နယ် ဝါးရုံအုပ်စု အိုင်ကြီးလည်ရွာ၌ တပေါင်းလပြည့်ကျော် ၄ ရက်မှ ၁၀ ရက် (မတ် ၉ ရက်မှ၁၅ရက်)အထိ ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က–ပ)

26-2 (12).p65 1 3/23/05, 9:23 PM

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ကယားပြည်နယ်၌ အမျိုးသမီးရေးရာ အဖွဲ့ချုပ်လုပ်ငန်းများရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ ခေါင်းဆောင်သော အဖွဲ့သည် ကယားပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား အမျိုးသမီးရေးရာ အဖွဲ့ချုပ်လုပ်ငန်းများ ရှင်းလင်းရန် ဖေဖော်ဝါရီ ၂၂ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှလေယာဉ်ဖြင့်ထွက်ခွာပြီး လွိုင်ကော်လေဆိပ်တွင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကယားပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ကယားပြည်နယ် အမျိုးသမီးရေးရာ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်အထောက်အကူပြုအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ဆွေးနွေးပွဲကျင်းပသည်။

ရှင်းလင်းတင်ပြ

ဖေဖော်ဝါရီ ၂၃ရက် နံနက် ၉ နာရီတွင် လွိုင်ကော်မြို့တော်ခန်းမ၌ လုပ်ငန်းဆိုင်ရာရှင်းလင်းပွဲအခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီက အဖွင့်အမှာစကား ပြောကြားသည်။ အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာဒေါ်စန်းရွှေက အဖွဲ့ချုပ်ဖွဲ့စည်းပုံ၊ အဖွဲ့ဝင်အဖြစ် လျှောက်ထားပုံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်ဒေါ်ခင်မေစိုးက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့်ပြန်လည်နေရာချထားရေး၊ အမျိုးသမီးငယ်ရွယ်၊ ယဉ်ကျေးမှု၊ ပြန်ကြားရေး၊စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့် စီမံရေးရာ လုပ်ငန်းအဖွဲ့များ တာဝန်ဝတ္တရားများကို ရှင်းလင်းပြီး စည်းရုံးရေး လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဒေါ်မြတ်လေးကျင်က ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တိုင်းရင်းသားရေးရာနှင့် စည်းရုံးရေး လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီကကယားပြည်နယ်အတွက် ပညာသင် ထောက်ပံ့ကြေး ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ပြည်နယ်ရှိမြို့နယ်များ၏ စီးပွားရေးလုပ်ငန်းအတွက် အသေးစား မတည်ငွေကျပ်လေးသိန်းကို ပေးအပ်လှူဒါန်းရာ ကယားပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခိုင်သက်မွန်က လက်ခံရယူသည်။

ထို့အပြင် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ကယားပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့က လှူဒါန်းသောငွေကျပ်နှစ်သိန်းကို ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကမှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ပြည်နယ်ရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် နိဂုံးချုပ်မှာကြားပြီး အစည်းအဝေးကို နံနက် ၁၀နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌမြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ အတွင်းရေးမှူးဒေါက်တာဒေါ်မြတ်လေးကျင်၊ အလုပ်အမှုဆောင် ဒေါက်တာဒေါ်စန်းရွှေ၊ ကယားပြည်နယ် တာဝန်ခံပါမောက္ခ ဒေါက်တာဒေါ်ကြည်ကြည်အောင် တို့သည် ပြည်နယ်အမျိုးသမီး အားကစားအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ပြည်နယ်အမျိုးသမီးအားကစား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြီး အဖွဲ့ချုပ်မှ ပြည်နယ်အားကစားရန်ပုံငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခေတ်ဟောင်း ဓာတ်ပြား၊ ကြိုးခွေနှင့်စာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ စေတနာရှင် အလှူရှင်များက ခေတ်ဟောင်းဓာတ်ပြားများ၊ ကြိုးခွေများနှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်လက်ခံသည်။ (အပေါ်ပုံ)

လှူဒါန်းပွဲသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ညွှန်ကြားရေးမှူးများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင် ဗိုလ်မှူးခင်လှသီ(ငြိမ်း) မိသားစုက အင်္ဂလိပ်ဓာတ်ပြား ၂၉ ချပ်နှင့် အင်္ဂလိပ် သီချင်း ကြိုးခွေ ၁၄ ခွေ၊ မရမ်းကုန်းမြို့နယ် (၇)မိုင်နေ ဦးအေးမောင် မိသားစုက အင်္ဂလိပ်ဓာတ်ပြား အချပ် ၅၀၊ လက်ပံတန်းမြို့နေ ဦးနှစ်-ဒေါ်ညွှက် မိသားစုက မြန်မာဓာတ်ပြား ၂၁ ချပ်၊ စလင်းမြို့နေ ဦးဘစန်း မိသားစုက အင်္ဂလိပ်ဓာတ်ပြား ၁၅ချပ်၊ ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းနေ ဒေါ်ခင်ဝင်းကြည် မိသားစုက မြန်မာ အင်္ဂလိပ်ဓာတ်ပြား ၅၇ ချပ်၊ မြန်မာ အင်္ဂလိပ် သီချင်းစာအုပ် ၁၅၈ အုပ်၊ အရှေ့ရန်ကင်းနေ ဒေါ်မြင့်မြင့်သန်း မိသားစုက မြန်မာအင်္ဂလိပ်ဓာတ်ပြား ၁၁၈ ချပ်၊ ကျောက်တံတားမြို့နယ်နေ ဦးခင်မောင်အေးမိသားစုက အင်္ဂလိပ်ဓာတ်ပြား ၅၅ ချပ်၊ မန္တလေးမြို့နေ ကွယ်လွန်သူ ဗိုလ်ကြီးသိန်းဆွေ-ဒေါ်သန်းမြင့်မိသားစုကမြန်မာဓာတ်ပြား အချပ်၅၀၊မြန်မာ့အသံဝန်ထမ်းအိမ်ရာနေ ကွယ်လွန်သူဦးစောလှိုင်ကိုယ်စား ဒေါ်ဌေးဌေးဝင်းမိသားစုက မြန်မာဓာတ်ပြားကိုးချပ်တို့ကိုပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

အလားတူ အဝေးရောက် အလှူရှင်များဖြစ်ကြသည့် မြင်းခြံမြို့မှ ဘဒ္ဒန္တကုမာရက မြန်မာဓာတ်ပြား ၁၈ ချပ်၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါက်တာဦးဦးမောင်မိသားစုက အင်္ဂလိပ်ဓာတ်ပြား ၄၇ ချပ်တို့ကိုလည်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။

လှူဒါန်းနိုင်

မြန်မာခေတ်ဟောင်း(၁၉၂၂ မှ ၁၉၄၅)ခုနှစ်အတွင်းထုတ် ဓာတ်ပြားများ လှူဒါန်းလိုသော အနယ်နယ်အရပ်ရပ်မှ အလှူရှင်များသည် မိမိတို့နှင့်နီးစပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများသို့ဖြစ်စေ၊ ညွှန်ကြားရေးမှူး(အသံလွှင့်)ဦးကိုကိုထွေး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖုန်း- ၅၃၆၈၁၄သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

● ပြေးခုန်ပစ်အဖွဲ့ချုပ်ရန်ပုံငွေ ရိုးရာလက်ဝှေ့ပွဲမှ

စာရေးသူ ပထမဆုံးသွားရောက် တွေ့ဆုံခွင့်ရသူမှာ စောဇော်လွင်(KLN) ဖြစ်သည်။ စောဇော်လွင်သည် ဝါးခယ်မသားတစ်ဦးဖြစ်ပြီး(KLN)အဖွဲ့မှ ခေါ်ယူသင်တန်းပေးထားသဖြင့် ယခုကဲ့သို့ ဒုတိယတန်းလက်ဝှေ့ကျော် ဖြစ်လာသူ ဖြစ်သည်။ ယခုပွဲတွင် ကရင်ပြည်နယ် မြဝတီမှ ဒေါနပန်းနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

ဒုတိယတွေ့ဆုံရသူမှာ ယနေ့ မွန်ပြည်နယ်တွင် နာမည်ကြီးသထုံသား အာလီဖြစ်သည်။ အာလီမှာ ရိုးရာလက်ဝှေ့ကျော်သထုံဖြူကြီးနှင့် ချန်ပီယံဟောင်း ရွှေဝါထွန်းတို့၏ သွေးသားတော်စပ်သူတစ်ဦးဖြစ်သည်။ ဘမျိုးဘိုးတူဆိုသကဲ့သို့ အာလီက ကရင်ပြည်နယ်မှ ချန်ပီယံရွှေဆိုင်း(မြိုင်ကြီးငူ)ကို လည်းကောင်း၊ ကရင်ပြည်နယ် ပထမတန်းလက်ဝှေ့ကျော် စောငမန်း(ဘားအံ)တို့ကို ယှဉ်ပြိုင်ရင်ဆိုင် အနိုင်ယူခဲ့သူဖြစ်သည်။ သူသည် ပထမတန်းလက်ဝှေ့ကျော်တစ်ဦး ဖြစ်သော်လည်း ရိုးရာလက်ဝှေ့ပွဲဆက်များ ပြတ်နေသဖြင့် ကျော်ကြားသင့်သလောက် မကျော်ကြားဘဲ မီးခဲပြာဖုံးဖြစ်နေရသည်။ ယခုလက်ရည်စစ်ပွဲတွင် ထိုးဖက် လုံးချော(သူရဲကောင်းကလပ်)ကိုနိုင်လျှင် ချန်ပီယံရွှေဆိုင်းနှင့် ထိုးသတ်ရမည်ဟု ပြိုင်ပွဲအကဲခတ်များကဆိုသည်။ ပြိုင်ဘက်ဖြစ်သူလုံးချောမှာ ညောင်တုန်းသား ဇာတိဖြစ်သည်။ ရန်ကုန်လက်ဝှေ့လောကသို့ရောက်လာသည်မှာ သုံးနှစ်ခန့်ရှိပေပြီ။ သူသည် ပထမဆုံး ရွှေဒေါပုံကလပ်တွင် ပါဝင်လေ့ကျင့်ခဲ့သည်။ ယခု သူရဲကောင်းကလပ်သို့ ရောက်ရှိနေပြီဖြစ်ပြီး သူ့အား အနီးကပ်လေ့ကျင့်ပေးသူမှာ ဆရာကြီးဝင်းဇင်ဦးဖြစ်ကြောင်း သိရသည်။ လုံးချောသည် ပြိုင်ဘက်ကောင်းဖြစ်သော ကချင်ပြည်နယ် ချန်ပီယံထိန်ချူးကို ကချင်ပြည်နယ် ဗန်းမော်မြို့တွင်လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုရွာတွင်လည်းကောင်း နှစ်ပွဲနိုင်ခဲ့ပြီးဖြစ်သည်။ ယခုနှစ်အတွင်း လုံးချော လက်ရည်များတက်လာပြီး ပထမတန်းသို့ တက်လှမ်းလာသူဖြစ်သည်။

လုံးချောသည် ချန်ပီယံဟောင်းဝမ်ချိုင်း၊ ချန်ပီယံသစ်ရွှေဆိုင်းတို့ကို ယှဉ်ပြိုင်ထိုးသတ်နိုင်ရန် အပြင်းအထန်လေ့ကျင့်ရင်းယခုပွဲတွင် အာလီနှင့် ကနဦးယှဉ်ပြိုင်ခြင်းဖြစ်သည်။ လုံးချောနှင့် အာလီတို့၏ ပထမတန်းလက်ရည်စစ်ပွဲမှာ ချန်ပီယံဟောင်းနှင့်ချန်ပီယံသစ်များကို အမှန်ပင် ခြိမ်းခြောက်လျက်ရှိသည်။

ယခုပြိုင်ပွဲပထမရက်တွင် စောဇော်လွင်(KLN)နှင့် ဒေါနပန်း(မြဝတီ)၊ စောထိုက်စံ(သူရဲကောင်း)နှင့် ခွန်ထွန်းလွင်(တောင်ငူ)၊ အားမာန်(ရွှေရိုးရာ)နှင့် ပစ်တိုင်းထောင်(ဒိုက်ဦး)၊ နေစကြာ(ရွှေရိုးရာ)နှင့် ရွှေကရင်(ရွှေမြန်မာ)၊ သားစစ်နိုင်(ရွှေရိုးရာ)နှင့် နေဇော်(ရန်ကုန်)တို့ ပြတ်ပြတ်သားသား ရင်ဆိုင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဒုတိယနေ့ပွဲစဉ်များတွင် ပထမတန်းလက်ဝှေ့ကျော် အာလီ(သထုံ)နှင့် ပထမတန်းလက်ဝှေ့ကျော် လုံးချော(သူရဲကောင်း)၊ တိုင်းနှင့်ပြည်နယ် ရွှေတံဆိပ်ဆုရှင် စောအုန်းမြင့်(လယ်/ဆည်)နှင့် ရွှေကြယ်ဖြူ(ရွှေရိုးရာ)၊ ရွှေခါးပတ်ချန်ပီယံသူရလင်းထွဋ် (ဒေးဒရဲ)နှင့် တိုင်းနှင့်ပြည်နယ် ငွေတံဆိပ်ရ ကျားသစ်လေး (ပြွန်တန်ဆာ)၊ တိုက်ကျား(တွံတေး)နှင့် ဝမ်းစတား(ရွှေမြန်မာ)၊ ကိုဦးလေး (မြို့တော်စည်ပင်)နှင့် မင်းထွန်းလေး(ရွှေရိုးရာ)တို့က အပြတ်အသတ် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် သတ္တမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၂၃ရက်က (၉)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးရှေ့တွင်ကျင်းပရာ မူကြိုကလေးငယ်များအား ကျန်းမာရေးစစ်ဆေးပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာအေးက (၉)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ မြို့နယ်ဥပဒေအရာရှိ ဒေါ်ယဉ်မျိုးမေထံ သောက်ရေသန့်နှင့်ဆားများ ပေးအပ်လှူဒါန်းစဉ်။ (၁၉၂)

မျက်စိရောဂါ ကွင်းဆင်းကုသ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကျန်းမာရေး ဝန်ကြီးဌာန မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းဒေသ(၅) စဉ့်ကိုင်မှ ဒေသဆိုင်ရာမျက်စိကုဆရာဝန်ကြီး ဒေါက်တာဦးကျင်ဆိုင် ခေါင်းဆောင်ပြီး ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ဆေးပညာမဟာသိပ္ပံ(မျက်စိရောဂါပညာ)ဘွဲ့လွန်သင်တန်းသားဆရာဝန်များ၊ ဒေသကြီး(၅)မှ အခြေခံကျန်းမာရေး ဝန်ထမ်းများပါဝင်သော အဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက်တွင် မန္တလေးတိုင်း အမရပူရမြို့နယ် တမုဆိုးကျေးရွာ၊ ဖေဖော်ဝါရီ ၁၀ ၊ ၁၁ ရက်နှင့် ၁၃ ရက်များတွင် စဉ့်ကိုင်မြို့နယ် အုန်းပင်ခြံကျေးရွာ၊ ပင်ချားကျေးရွာ၊ တဘက်စွဲကျေးရွာများသို့ သွားရောက်ကြပြီး မျက်စိရောဂါ လူနာ ၂၃၀အား အခမဲ့ဆေးဝါးကုသပေးပြီး အသေးစားခွဲစိတ်ကုသမှု ၂၈ဦးအားပြုလုပ်ပေးပြီး မျက်စိရောဂါ ကျန်းမာရေးစစ်တမ်း ကောက်ယူခဲ့ကြသည်။ ထို့ပြင် အတွင်းတိမ်ရောဂါနှင့် ရေတိမ်ရောဂါလူနာများအား စဉ့်ကိုင်မြို့ မျက်စိဆေးရုံတွင် ခွဲစိတ်ကုသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၅)တွင် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၂ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်နိုင်က အဋ္ဌမတန်းကျောင်းသူ မဇင်ဝင့်ဝါအောင်အား အလယ်တန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲ မြို့တော်စည်ပင်ကလယ်/ဆည်ကိုနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ်ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာမြို့တော်စည်ပင်အသင်းက လယ်/ဆည်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

မြို့တော်စည်ပင်အသင်းအတွက် ပထမဂိုးကို အောင်ဇော်မျိုးက သွင်းယူပေးသည်။ လယ်/ဆည်အသင်းအတွက် မျိုးနိုင်က ချေပဂိုး သွင်းယူသဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေပွဲဖြစ်နေသည်။

မြို့တော်စည်ပင်အသင်းအတွက် ဒုတိယဂိုးနှင့်တတိယဂိုးကို မောင်မောင်ဌေး တစ်ဦးတည်းက ဒုတိယပိုင်းတွင် သွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို မြို့တော်စည်ပင်အသင်းမှ မောင်မောင်ဌေးက ရရှိသည်။ မောင်မောင်ဌေးသည် မြန်မာ့လက်ရွေးစင်ဟောင်းတစ်ဦးဖြစ်ပြီး ယခုကျင်းပနေဆဲ အမှတ်ပေးပြိုင်ပွဲတွင် စုစုပေါင်း ၁၀ ဂိုးဖြင့် ဂိုးအများဆုံးသွင်းထားသည်။

ယနေ့ပွဲစဉ်အပြီးတွင် မြို့တော်စည်ပင်အသင်းက ကိုးပွဲကစား၊ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး အမှတ် ၂၀ဖြင့် တတိယနေရာ၌ ရပ်တည်နေသည်။ လယ်/ဆည်အသင်းက ရှစ်ပွဲကစား၊ နှစ်ပွဲနိုင်၊ ခြောက်ပွဲရှုံး ခြောက်မှတ်ဖြင့် အဆင့် ၁၃၌ ရပ်တည်နေသည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ ၂၆ရက် (ယနေ့) ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စီးပွား/ကူးသန်းအသင်းနှင့်လျှပ်စစ်စွမ်းအားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အမှတ်(၂၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပရာကျောင်းအုပ်ဆရာကြီး ဦးကိုကိုအောင်က ပထမတန်းထူးချွန်ဆုရ မသဲစုစုစံအား ဆုချီးမြှင့်စဉ်။ (က-ပ)

အောင်ပွဲရ ရန်ကုန်တိုင်းဘောလုံးအသင်းအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၄ ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း (အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ပြီး ပြည်ထောင်စုဒိုင်း ရရှိခဲ့သော ရန်ကုန်တိုင်း ဘောလုံးအသင်းအား ရန်ကုန်တိုင်း ဘောလုံးဆပ်ကော်မတီက ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် တာမွေမြို့နယ် တောင်မြင်းပြိုင်ကွင်းလမ်း အမှတ် ၃၆ ရှိ ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ(အငြိမ်းစား)နှင့် အမှုဆောင်များ၊ ရန်ကုန်တိုင်း ဘောလုံးအသင်း အဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်း၊ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ(အငြိမ်းစား)က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်း ဘောလုံးအသင်း အုပ်ချုပ်သူ ဦးခင်မောင်လတ်က ရန်ကုန်တိုင်းအသင်း အောင်မြင်မှု ရရှိရေးအတွက် ကြိုးစားယှဉ်ပြိုင်ခဲ့ပုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ (အငြိမ်းစား)က အောင်ပွဲရ ရန်ကုန်တိုင်းအသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အောင်ပွဲရ ရန်ကုန်တိုင်း ဘောလုံးအသင်းကိုယ်စား အသင်းခေါင်းဆောင် ခင်မောင်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာကြသူများအား နံနက်စာဖြင့် ဧည့်ခံကျွေးမွေးသည်။

(မြန်မာ့အလင်း)

ရွှေပြည်သာ သာသနဒီပံ (၈)ကြိမ်မြောက် တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်မြို့ ရွှေပြည်သာ (၆/၁၀) ရပ်ကွက် ချင်းတွင်းလမ်း သာသနဒီပံ မဟာစည်ရိပ်သာ၌ ဧပြီ ၁၀ ရက်မှ ၁၇ရက်ထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားများကို အခြေခံမှစ၍ အရှင်သီရိန္ဒ(ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ)က ဟောကြားပြသပို့ချမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများ ရိပ်သာဖုန်း-၇၀၇၄၉၇သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

သုံးခွမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

သုံးခွမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၈ရက်(စနေနေ့)နံနက် ၈နာရီတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်တွင်ကျင်းပရန် စီစဉ်ထားသည်။

အသက်(၇၅)နှစ် ပြည့်ပြီးသော သက်ကြီးအသင်းဝင်နှင့် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော သားသမီးများသည် ဒုတိယဥက္ကဋ္ဌ ဦးစောလှိုင် ဖုန်း-၂၈၁၃၁၁၊ ၂၈၁၄၇၄၊ ဘဏ္ဍာရေးမှူး ဦးအောင်သန်း ဖုန်း-၅၇၁၄၁၇နှင့် နီးစပ်ရာအမှုဆောင်များထံ ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရန် နှိုးဆော်လွှာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံရေး၏ ဒုတိယမြောက်လုပ်ငန်းအဖြစ် စေတီတော်ကြီးနှင့် လွန်စွာနီးကပ်စွာတည်ရှိနေသော ဘုရားကြီးကိုးဆူတန်ဆောင်းကို ရင်ပြင်လျှောက်လမ်း ကျယ်ဝန်းစေရန်အတွက် အသစ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်ပါသည်။ အသစ်ပြုပြင်တည်ဆောက်သွားပါက ဘုရားကြီးကိုးဆူတန်ဆောင်းသည် စေတီတော်နှင့် ကိုးပေခန့်ကွာဝေးသွားပြီး ရင်ပြင်တော်လျှောက်လမ်း ကျယ်ဝန်းသွားမည့်အပြင် ကိုးဆူတန်ဆောင်းမှာလည်း ပိုမိုကျယ်ဝန်းတင့်တယ်သွားမည်ဖြစ်ပါသည်။

စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံလုပ်ငန်းအတွက်အလှူငွေ ပေးအပ်ပွဲအခမ်းအနားကိုလည်း မကြာမီ ကျင်းပပြုလုပ်ရန်ရှိပါသဖြင့် ကုသိုလ်တော်ပါဝင်လိုသူအလှူရှင်များအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

စေတီတော်ဂေါပကရုံး-၂၈၀၄၂၅
ပြန်ကြားရေးဝန်ကြီးရုံး-၂၄၅၆၁၅၊ ၂၄၅၆၁၉
၂၄၅၅၉၅၊ ၂၄၅၆၂၄၊ ၂၄၅၆၃၁

ယဉ်ကျေးမှုတက္ကသိုလ်များအတွက် အထူးပြုရည်ညွှန်းသော

ယဉ်ကျေးမှုစာတမ်းဖတ်ပွဲကြီး

စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုအနုပညာဘာသာရပ်နယ်ပယ်ရသ စာတမ်းများနှင့်

ဥပမာ၊ ဥပစာတို့ဖြင့် တန်ဆာဆင်အပ်သော ပိဋကတ်တော်လာ အနှစ်သာရ စာတမ်းများ

သဘာပတိအဖွဲ့	-	ဒေါက်တာခင်မောင်ဝင်း (ပညာရေးဝန်ကြီး-ငြိမ်း) ဗိုလ်မှူးချုပ်ခင်အုန်း(ငြိမ်း) (ရာမညကိုကိုနိုင်) ဒေါက်တာခင်မောင်ညွန့် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)
စာတမ်းရှင်များ	-	ပါရဂူ၊ နန္ဒာသိန်းဇံ၊ ချစ်ဦးညို၊ ချစ်စံဝင်း၊ မောင်အုံ (မဟာဝိဇ္ဇာ၊ဘုံဘေ)၊ ဦးမင်းနိုင်၊ ဂီတလုလင်ဦးကိုကို၊ ဦးမြင့်စံ (ပါမောက္ခ-ပန်းပု)
ကျင်းပမည့်နေ့ရက်နှင့် အချိန်	-	၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက် နံနက် ၁၀း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီ မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၄း၀၀ နာရီ
ကျင်းပမည့်နေရာ	-	အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း

စိတ်ပါဝင်စားသူများ တက်ရောက်ကြားနာလေ့လာနိုင်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင်အသုံးပြုရန်လိုအပ်သော ရုံးသုံးစက်ပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများကို ဝယ်ယူလိုပါသည်။
- (°1°) Personal Computer Intel Pentium IV 1.8 GH z 40 GB HDD 128 MB SD RAN 15 " Monitor
- (°2°) Laserjet Printer A°4
- (°3°) Type Writer(Myanmar-18")
- (°4°) Plain Paper Copier Machine A-3
- (°5°) Note Book Computer 800 MH z, HDD.128 MB 155 B, CD, IAN, Fax 13.3 TFT
- (°6°) LCD Data Projector
- (°7°) Projection Screen(70"x70")
- (°8°) Motorcycle

၂။ တင်ဒါပေးသွင်းမှုကို ၃-၃-၂၀၀၄ရက် ၁၆း၃၀ နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။

ပြည်ပအလုပ်အကိုင်ကြော်ငြာ

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော T & Y Enterprise၏ စီစဉ်ဆောင်ရွက်မှုဖြင့် စင်ကာပူနိုင်ငံ Port of Singapore Authorities (PSA) တွင် ဆိပ်ကမ်းကွန်တိန်နာယာဉ်ကြီးများ မောင်းနှင်ရန်အတွက် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသော မြန်မာနိုင်ငံသား(အမျိုးသား)များ အလိုရှိပါသည်။

(က)	လိုအပ်သောဦးရေ	-	၄၀ ဦး
(ခ)	အသက်	-	၂၀ မှ ၄၀ နှစ်
(ဂ)	ပညာအရည်အချင်း	-	(၈)တန်းအောင်
(ဃ)	အခြားလိုအပ်ချက်	-	"င"ယာဉ်မောင်းလိုင်စင် ရရှိထားပြီး အင်္ဂလိပ်စကားပြောဆိုတတ်ရမည်။
(င)	အခြေခံလစာ	-	၅၅၀ S$
(စ)	အချိန်ပိုနှင့် ခံစားခွင့်	-	၃၅၀ S$
(ဆ)	ဝန်ဆောင်ခ	-	၂၂၀၀ S$နှင့်ညီမျှသော မြန်မာကျပ်ငွေ

၂။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး)များနှင့် ကျန်ပြည်နယ်/ တိုင်းများရှိ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနရုံးများတွင် ၁-၃-၂၀၀၄ ရက်နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ် အချက်အလက်များကို အထက်ဖော်ပြပါ အလုပ်သမားရုံးများတွင် စုံစမ်းသိရှိနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာ သင်ခန်းစာများကို ဆက်လက်ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

ပထဝီဝင်ဘာသာ သိကောင်းစရာ

တက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးကို မလေ့လာမီ ဗဟုသုတသိကောင်းစရာအနေဖြင့် ပထဝီဝင်၏ ဝေါဟာရကို သိထားသင့်သည်။ ကမ္ဘာမြေထုတစ်ခုတည်းကိုသာ လေ့လာရုံမက ရေထု၊ လေထုနဲ့ လူသားအပါအဝင် သက်ရှိအပင်၊ တိရစ္ဆာန်သတ္တဝါများအားလုံး အကျုံးဝင်သဖြင့် ပထဝီစာလုံးအနောက်မှ ဝင်စာလုံးကို ထည့်ထားရခြင်းဖြစ်သည်။

အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးတွင် သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများ ပထဝီဝင်နှင့် လက်တွေ့ပထဝီဝင်ဟူ၍ အပိုင်းကြီး ငါးပိုင်းပါဝင်သည်။

အပိုင်း (က) သဘာဝပထဝီဝင်အပိုင်းတွင် ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာမြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာရွေ့လျားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဍာန်များ၊ အိုင်များ၊ စိမ့်များနှင့် ကျွန်းများအကြောင်း ပါဝင်သည်။

အပိုင်း (ခ) စီးပွားရေးပထဝီဝင်အပိုင်းတွင် သတ္တုတွင်းထွက်ပစ္စည်း တူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနှင့် ကုန်သွယ်ရေးအကြောင်းများ ပါဝင်သည်။

အပိုင်း (ဂ) မြန်မာနိုင်ငံ ပထဝီဝင်အပိုင်းတွင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်သည်။

အပိုင်း (ဃ) ကမ္ဘာ့ရွေးချယ်နိုင်ငံများ ပထဝီဝင်အပိုင်းတွင် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း (ဗြိတိန်) နိုင်ငံအပြင် ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားသည်။

အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းတွင် စကေးများ၊ ကွန်တိုနှင့် ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ၊ ကောင်းကင်ဓာတ်ပုံများ လေ့လာပြန်ဆိုတွက်ချက်ခြင်းများ ပါဝင်သည်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံတွင် အပိုင်း(၆)ပိုင်းပါဝင်ပြီး အပိုင်း(က) ဓမ္မဓိဋ္ဌာန်၊ အပိုင်း (ခ) သဘာဝပထဝီဝင်၊ အပိုင်း(ဂ) စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း (င) ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ) လက်တွေ့ပထဝီဝင်မေးခွန်းများဖြစ်သည်။ အပိုင်း(က)နှင့် (စ)မှ မေးခွန်းအားလုံးကို ဖြေဆိုရမည်ဖြစ်ပြီး ကျန်အပိုင်းများ တစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်းအားလုံး (၆)ပုဒ်ဖြေဆိုရမည်ဖြစ်သည်။ လိုအပ်သောနေရာများတွင် မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေရမည်ဖြစ်သည်။ ဖြေဆိုချိန် ၃နာရီဖြစ်ပြီး စုစုပေါင်း ပေးမှတ်မှာ ၁၀၀ဖြစ်သည်။

ဓမ္မဓိဋ္ဌာန်တွင် သုံးပိုင်းပါဝင်ပြီး ၁၅မှတ်ဖိုး ဖြေရမည်ဖြစ်သည်။ ၁ (က) မှား/မှန်ရွေး၊ ၁ (ခ) ကွက်လပ်ဖြည့်၊ ၁(ဂ) အဖြေမှန်ရွေးတို့ဖြစ်သည်။

အပိုင်း(ခ)တွင် (၃)ပုဒ်မေးထားပြီး နှစ်သက်ရာ (၁)ပုဒ်ရွေးဖြေနိုင်သည်။ မေးခွန်းရှည် (၂)ပုဒ်နှင့် မှတ်စုတို (၁)ပုဒ်မှ နှစ်သက်ရာ (၁)ပုဒ် ၁၅မှတ်ဖိုးဖြေရမည်ဖြစ်သည်။ ထို့နည်းတူ အပိုင်း (ဂ)၊ (ဃ)၊ (င)တွင်လည်း ၁၅မှတ်ဖိုးစီ ဖြေရမည်ဖြစ်၍ (၄)ပိုင်းအတွက် စုစုပေါင်း အမှတ်၆၀ ရမည်။

လက်တွေ့ပထဝီဝင်အပိုင်း (စ) မေးခွန်း ၁၄(က)တွင် စကေးနှင့်ကောင်းကင်ဓာတ်ပုံ အကြောင်း အရာထဲမှ ပုစ္ဆာတစ်ခုခုဖြစ်ပြီး ၁၀မှတ်ဖိုးဖြေရမည်။ မေးခွန်း၁၄(ခ)တွင် ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမည်ဖြစ်ပြီး ၁၅ မှတ် ပေးသည်။ ဓမ္မဓိဋ္ဌာန်ကဲ့သို့ မဖြေမနေရ။ ထို့ကြောင့် အပိုင်း (စ)တွင် စုစုပေါင်း ပေးမှတ် ၂၅ မှတ်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်း သဘာဝပထဝီဝင်အပိုင်းထဲမှ အခန်း(၁)သည် ကမ္ဘာမြေကြီးတည်ဆောက်ပုံအကြောင်း ဖြစ်သည်။ ဤအခန်းတွင် ကမ္ဘာ့သိပ်သည်းဆအကြောင်း၊ ကမ္ဘာမြေထုသည် အထပ်ထပ်ရှိနေသော ဗဟိုတူလွှာထုလုံးကြီးဖြစ်ကြောင်း၊ ဇုန်၃ဇုန်ပါဝင်သဖြင့် ဇုန်တစ်ခုခြင်းအကြောင်းစသည်တို့ကို လေ့လာထားသင့်သည်။

အခန်း(၂)တွင် ကမ္ဘာမြေထု၏ အပေါ်ယံကျောက်များဖြစ်သော မီးသင့်ကျောက်၊ အနည်ကျကျောက်နှင့် အသွင်ပြောင်းကျောက်များအကြောင်းကို ပုံများနှင့်တကွ လေ့လာထားရမည်ဖြစ်သည်။

အခန်း(၃)တွင် ကမ္ဘာ့အပေါ်ယံမြေလွှာရွေ့လျားခြင်း၊ ငလျင်လှုပ်ခြင်းနှင့် မီးတောင်များအကြောင်း ပါဝင်သည်။ မြေရွေ့ခြင်းတွင် လွှာတွန့်ခြင်း၊ ပြတ်ရွေ့ခြင်း၊ အက်ကွဲခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော မြေပြင်သဏ္ဍာန် အမျိုးမျိုးကို သိထားသင့်သည်။ ငလျင်တွင် ငလျင်လှုပ်ခြင်း၏ အကြောင်းရင်းနှင့် ဖြစ်ပေါ်ပုံ၊ ငလျင်ဗဟို၊ ငလျင်ထိပ်နှင့် ငလျင်လှိုင်းများ၊ ရပ်ဝန်းများ၊ ပျက်စီးဆုံးရှုံးမှုအကြောင်းများပါဝင်သည်။ မီးတောင်အကြောင်းတွင် ပေါက်ကွဲဖြစ်ပေါ်လာပုံ၊ အမျိုးအစားများနှင့် ရပ်ဝန်းများကို လေ့လာထားရမည် ဖြစ်သည်။

အခန်း(၄)တွင် အဓိကကုန်းမြေသဏ္ဍာန်များ၊ သာမန်ကုန်းမြေသဏ္ဍာန်များ၊ ဥတုချေဖျက်ခြင်းနှင့် မြေဆီလွှာအကြောင်း၊ မြစ်ချောင်း၊ မြေအောက်ရေ၊ ရေခဲမြစ်၊ လေ၊ ပင်လယ်ရေလှိုင်းများ၏ လုပ်ငန်းများ အကြောင်းကို ကဏ္ဍတစ်ခုချင်းအလိုက်ပုံများနှင့် လေ့လာမှတ်သားထားသင့်သည်။

အခန်း (၅)တွင် အိုင်များ၊ စိမ့်များနှင့် ကျွန်းများအကြောင်း ဖြစ်ပေါ်လာပုံ အမျိုးအစားမှအစ သိထားသင့်သည်။

ဆက်လက်ပြီး စီးပွားရေးပထဝီဝင်အပိုင်းထဲမှ အခန်း(၁) သတ္တုတွင်းထွက်ပစ္စည်း တူးဖော်ခြင်း လုပ်ငန်းများဖြစ်သော သံသတ္တုရိုင်း၊ သံစပ်သတ္တုရိုင်း၊ သံမနွယ်/သံမဲ့သတ္တုရိုင်း၊ သတ္တုအနည်းငယ်ပါသော တွင်းထွက်ပစ္စည်းနှင့် အဖိုးတန်သတ္တုများအကြောင်းကို ခွဲခြားလေ့လာထားရမည်ဖြစ်သည်။

အခန်း(၂) သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်းထဲမှ အားဖြည့်လောင်စာ/ စွမ်းအင် တွင်းထွက်ပစ္စည်း၊ စက်မှုကုန်ကြမ်းတွင်းထွက်ပစ္စည်း၊ အဖိုးတန်ရတနာတွင်းထွက်ပစ္စည်း၊ အလှဆင် ကျောက်များနှင့် ဆောက်လုပ်ရေးပစ္စည်းများအကြောင်းကို ခွဲခြားလေ့လာရမည်။ ဤအခန်း၏ အားဖြည့် လောင်စာတွင် ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ယူရေနီယမ်၊ သိုရီယမ်နှင့် ပလူတိုနီယမ်တို့ ပါဝင်သည်။

အခန်း (၃)တွင် ရေအားနှင့် ပတ်သက်၍ ရေအားရရှိရန် လိုအပ်သောအခြေအနေများ၊ ရေအားအသုံးပြုရန် ဆန်းစစ်ရမည့်အချက်များ၊ ထုတ်ယူအသုံးပြုနိုင်သော ရေအားနှင့် အသုံးပြုနေသော ရေအား၊ မျက်မှောက် ကာလတွင် ကမ္ဘာ့ရေအားလျှပ်စစ်ထုတ်ယူအသုံးပြုနေသော နိုင်ငံများအကြောင်း ပုံနှင့်တကွလေ့လာရမည်။

အခန်း (၄)တွင် စက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးရန် လိုအပ်ချက်များနှင့် အမျိုးအစားများဟူ၍ နှစ်ပိုင်း ပါဝင်သည်။ စက်မှုလက်မှုလုပ်ငန်းအမျိုးအစားများကို စားသောက်ကုန်လုပ်ငန်း၊ အထည်ရက်လုပ်ငန်း၊ သံနှင့်သံမဏိ လုပ်ငန်း၊ အီလက်ထရွန်နစ်ကိရိယာလုပ်ငန်း၊ ယာဉ်အမျိုးမျိုးထုတ်လုပ်သည့်လုပ်ငန်းစသော လုပ်ငန်းများကို ကဏ္ဍအလိုက် ခွဲခြားသိထားသင့်သည်။

အခန်း (၅)တွင် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းထဲမှ ကုန်းလမ်း၊ ရေကြောင်းနှင့် လေကြောင်းခွဲခြားပြီး လေ့လာထားရမည်။

အခန်း (၆)တွင် ကုန်သွယ်ရေးပါဝင်ပြီး ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအကြောင်း သိထားသင့်သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံပထဝီဝင် အပိုင်းထဲမှ အခန်း(၁)တွင် သတ္တုတွင်းထွက်များနှင့် သတ္တုမဟုတ်သော တွင်းထွက်များ ပါဝင်သည်။

သတ္တုတွင်းထွက်များတွင် သံသတ္တုရိုင်းနှင့် သံစပ်သတ္တုများ၊ သတ္တုအနည်းငယ်ပါသော တွင်းထွက်များ၊ သံမနွယ်/သံမဲ့သတ္တုများနှင့် အဖိုးတန်သတ္တုများအကြောင်း သိထားသင့်သည်။ သတ္တုအနည်းငယ်ပါသော တွင်းထွက်များတွင် ခနောက်စိမ်းထုတ်လုပ်မှုအကြောင်း၊ သံမနွယ်သတ္တုများတွင် ကြေးနီ၊ ခဲ၊ သွပ်၊ ခဲမဖြူနဲ့ အဖြိုက်နက် ထုတ်လုပ်မှုတွေအကြောင်း လေ့လာထားသင့်သည်။ အဖိုးတန် သတ္တုများတွင် ရွှေ၊ ငွေနှင့် ပလက်တီနမ်များ ပါဝင်သည်။

သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများတွင် အားဖြည့်လောင်စာ၊ အဖိုးတန်တွင်းထွက်ရတနာများ၊ စက်မှုတွင်းထွက် ကုန်ကြမ်းများ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် အလှဆင်ကျောက်များပါဝင်ပြီး ကဏ္ဍအလိုက် ခွဲခြားလေ့လာထားရမည် ဖြစ်သည်။

အခန်း(၂)တွင် စက်မှုလုပ်ငန်းအမျိုးအစားများ ပျံ့နှံ့တည်ရှိမှုနှင့် ထုတ်လုပ်မှုကို အုပ်စုအလိုက် ခွဲခြားဖော်ပြထားသည်။ စားသောက်ရေး၊ ဝတ်ဆင်ရေး၊ နေထိုင်ရေးဆိုင်ရာပစ္စည်းလုပ်ငန်းများအပြင် လူသုံးကုန်၊ အိမ်သုံးကုန်၊ စာပေနှင့်အနုပညာ၊ ကုန်ကြမ်းပစ္စည်း၊ သတ္တုနှင့် ရေနံထွက်ပစ္စည်း၊ စိုက်ပျိုးရေး ကိရိယာပစ္စည်း၊ စက်မှုလက်မှုသုံးပစ္စည်းကိရိယာ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ လျှပ်စစ်ပစ္စည်းများ၊ အခြားကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ အလုပ်ရုံများနှင့် သင်္ဘောကျင်းများကိုပါ လေ့လာရမည်ဖြစ်သည်။

အခန်း (၃)တွင် ကုန်းလမ်း၊ ရေကြောင်းနှင့် လေကြောင်းလမ်းများ၏ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း များအကြောင်းကို သိထားရမည်။

အခန်း (၄)သည် ကုန်သွယ်ရေးအကြောင်းဖြစ်ပြီး ပြည်တွင်းနှင့် ပြည်ပကုန်သွယ်ရေးများပါဝင်သည်။ ပြည်တွင်းကုန်သွယ်ရေးတွင် နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်ဟူ၍ ကဏ္ဍ ၃ ခု ခွဲပြီးလေ့လာရမည်။ ပြည်ပကုန်သွယ်ရေးတွင် အာရှနိုင်ငံများနှင့် အများဆုံးပြုလုပ်ပြီး ပို့ကုန်သွင်းကုန် ချိန်စက်မှု၊ ပို့ကုန်သွင်းကုန် များအကြောင်းနှင့် ကုန်သွယ်ဘက်နိုင်ငံများအကြောင်းကို သိထားသင့်သည်။

ဆက်လက်ပြီး ကမ္ဘာ့ပထဝီဝင်အပိုင်းတွင် ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံများပါဝင်သည်။ မည်သည့်နိုင်ငံမဆို လေ့လာသောအခါ နိုင်ငံတိုင်း၏ တည်နေရာ၊ အကျယ်အဝန်း၊ အိမ်နီးချင်းနိုင်ငံများကို သိရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတိုင်း၏ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်ဟူ၍ ခွဲခြားလေ့လာ မှတ်သားသင့်သည်။ ရူပပထဝီဝင်အပိုင်းတွင် တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာများပါဝင်သည်။ သဘာဝ ပထဝီဝင်တွင် မြေမျက်နှာ သွင်ပြင်မှ မြေဆီလွှာအထိ ပါဝင်သည်။ လူမှုရေးပထဝီဝင်တွင် လူဦးရေ၊ လူမျိုးနှင့် မြို့ကြီးများ ပါဝင်သည်။ စီးပွားရေးပထဝီဝင်အပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက် ပစ္စည်းတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်သည်။ စီးပွားကုန်ထုတ်လုပ်ငန်းတွင် စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိ ပါဝင်သည်။

သီအိုရီအပိုင်းကို လေ့လာကျက်မှတ်သည့်အခါတွင် မြေပုံနှင့် အချက်အလက်ကိုတွဲပြီး ကျက်မှတ်လျှင် ပိုပြီး မှတ်မိလွယ်ပြီး သဘောလည်းပိုပေါက်မည်ဖြစ်သည်။ အလွတ်ကျက်ခြင်းထက် မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိသဖြင့် အလွတ်ကျက်သကဲ့သို့ မေ့လျော့ခြင်းမျိုး မဖြစ်နိုင်ပေ။ ဓမ္မဓိဋ္ဌာန်များကိုလည်း ဤအပိုင်းများမှ သိသင့်သည်ဟု ယူဆသောအချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အမှန်ရွေးစသည်ဖြင့် မေးနိုင်သည်။

ဆက်လက်ပြီး လက်တွေ့ ပထဝီဝင်အပိုင်းလေ့လာလျှင် စကေးများ၊ ကောင်းကင်ဓာတ်ပုံများကို တွက်ချက်ရေးဆွဲခြင်း၊ ကွန်တိုနှင့် ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြ မြေပုံများကို လေ့လာပြန်ဆိုခြင်းများ ပါဝင်ခြင်းကို တွေ့ရသည်။

လက်တွေ့တွက်ချက်မှုများမပြုမီ စကေး၏အဓိပ္ပာယ်နှင့် စကေးအမျိုးအစားများကို သိထားသင့်သည်။ စကေးမှာ မြေပုံပေါ် အကွာအဝေးနှင့် မြေပြင်ပေါ်အကွာအဝေး၏ အချိုးဖော်ပြချက်ပင်ဖြစ်သည်။ ဥပမာ- မြေပုံ၏စကေးသည် ၁လက်မလျှင် ၁မိုင်ဖြစ်လျှင် မြေပုံပေါ်တွင် ၁လက်မကွာဝေးလျှင် မြေပြင်ပေါ်တွင် ၁မိုင်ကွာဝေးသည်ဟု ဆိုလိုသည်။ ယင်းတို့မှာ-

(၁) စာစကေး/ စာတန်းစကေး

(၂) အချိုးစကေး/အပိုင်းစကေး

(၃) ပုံပြစကေး/မျဉ်းစကေး

တို့ဖြစ်တယ်။ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများကိုလည်း သိထားသင့်သည်။ ပုံပြစကေးတွင် မြေပြင်အကွာအဝေးတစ်ခုနှင့် အချိုးကျမျဉ်းတစ်ကြောင်းရေးဆွဲပြီး ထိုမျဉ်းကို လိုအပ်သလို စိတ်ပိုင်းဖော်ပြထားခြင်းဖြစ်သည်။ အဓိကအားဖြင့် စကေးစိတ်နှင့် စကေးကျဲ နှစ်မျိုးရှိသည်။ ပုံပြစကေး ရေးဆွဲရန် အဆင့်နှစ်ဆင့် လိုသည်။ (၁) တွက်ချက်ရန်၊ (၂) ဆွဲသားရန် ဖြစ်သည်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြုရမည့်ကိန်း၏ ယူနစ်ကို သတိပြုရန်လိုအပ်သည်။ ပေ၊ ကိုက်၊ ဖာလုံ စသည်ဖြင့် မေးနိုင်သည့်အတွက် ပေးထားသော စာစကေး၊ အပိုင်းစကေး စသည်တို့ကို ပထမဦးဆုံး ယူနစ်ပြောင်းလဲပေးရမည်။ ထို့ကြောင့် ၁မိုင်လျှင် ၆၃၃၆၀ လက်မ၊ သို့မဟုတ် ပေ ၅၂၈၀၊ သို့မဟုတ် ၁၇၆၀ ကိုက်၊ သို့မဟုတ် ၈ ဖာလုံနှင့်ညီမျှခြင်းကို သတိပြုထားသင့်သည်။ လိုသလိုပြောင်းလဲ ပေးရမည်ဖြစ်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁

ကျိုက်ကေလာသဆံတော်ရှင်စေတီ ရွှေထီးတော်သစ်တင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ ကျိုက်ကေလာသဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်၊ ရွှေငှက် မြတ်နားတော်နှင့် ရွှေစိန်ဖူးတော်အသစ် တင်လှူပူဇော်ပွဲ အခမ်းအနားကို မတ် ၃ ရက်မှ ၅ ရက်အထိ (တပေါင်း လဆန်း ၁၃ ရက်မှ တပေါင်းလပြည့် ၁၅ ရက်) အထိ သုံးရက်တိုင်တိုင် အဆိုပါ စေတီတော် မြတ်ကြီး၏ ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ၊ ပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း သိရသည်။**(ယာပုံ) (က–ပ)**



မြို့နယ်လုံးဆိုင်ရာ သာသနာ့မာမက စာမေးပွဲကျင်းပမည်

ကြို့ပင်ကောက် ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့၊ တိုက်ကျောင်းပါဠိတက္ကသိုလ် အဓိပတိဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာစာရ၏ ဦးဆောင်မှုဖြင့် ၁၃၆၅ ခု၊ တပေါင်းလဆန်း ၉ရက်မှ ၁၁ ရက်အထိ ဒုတိယအကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနာ့မာမက စာမေးပွဲကို မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် ဓမ္မာစရိယတန်းတို့အား အတန်း(၅)တန်းခွဲ၍ မြို့နယ်ပရိယတ္တိပစ္စယာနုဂ္ဂဟအဖွဲ့က ကြီးမှူးကျင်းပမည်ဖြစ်သည်။

အဆိုပါ စာမေးပွဲ စာအောင်ဆုနှင်းပွဲနှင့် ၂၀၀၄ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ချီးမြှင့်သော မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ တိုက်ကျောင်းပါဠိတက္ကသိုလ် တိုက်ကြပ်စာချဆရာတော် ဂန္ထဝါစက ဘဒ္ဒန္တ ကောဏ္ဍည မထေရ်အား ဂုဏ်ပြုပူဇော်ပွဲနှင့် စာအောင်ဆုနှင်းပွဲ အထိမ်းအမှတ် စာပေဟောပြောပွဲကို စာရေးဆရာကြီးတို့ဖြင့် လာမည့်တပေါင်းလပြည့်ကျော် ၄ ရက်နေ့ အရှေ့ဘက် မဟာလောကသိရိဘုရားကြီး သံတန်ဆောင်းတော်ကြီးတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၄ဝ)**

ဇီးကုန်းမြို့နယ် မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဇီးကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဇီးကုန်းမြို့နယ် မဂ္ဂဇင်း (အမှတ်–၂)ကို ထုတ်ဝေမည် ဖြစ်၍ မဂ္ဂဇင်းစာမူများ ပေးပို့လျှင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဇီးကုန်းမြို့နှင့် ဒေါ်ချိုချိုသန်း(စီမံ) စာပေဗိမာန်၊ ကုန်သည်လမ်း ရန်ကုန်မြို့တို့သို့ မတ် ၁၅ရက် နောက်ဆုံးထား ပေးပို့နိုင်ကြောင်း သိရသည်။ **(က–ပ)**

အိုင်တီနှင့်စီးပွားရေးဒီပလိုမာအပ်နှင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဗိုလ်တထောင်နှင့် စမ်းချောင်းမြို့နယ်ရှိ Informatics Computer Centre များ၏(၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် Thames Management Centre ၏ (၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်နံနက် ၉ နာရီက လှိုင်မြို့နယ် MICT Park ၌ပြုလုပ်ရာ အခမ်းအနားသို့ အီလက်ထရွန်နစ်အဆင့် အမျိုးသားလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း ဒါရိုက်တာ ဗိုလ်မှူးကြီးတင်ဦး၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းအောင်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးသောင်းတင်၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးအောင်ဇော်မြင့်၊ Singa Training Ltd. နှင့် United Engineering Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းခိုင်၊ Informatics Holding Ltd. မှ ဒါရိုက်တာ Mr. Tan Kiah Tong၊ Sumitomo ကော်ပိုရေးရှင်း (စင်ကာပူ)မှ ဒါရိုက်တာ Mr.Miura Mustang၊ Technologies မှ ဥက္ကဋ္ဌ Mr.Charles John Kathrein နှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတကာအဆင့်မီ IT နှင့် စီးပွားရေးဆိုင်ရာ ဒီပလိုမာဘွဲ့များကို ပေးအပ်ရာ IT ပညာရပ်တွင် UCLES(UK) မှ ပေးအပ်သည့် DCS နှင့် NCC(UK) မှပေးအပ်သည့် IDCS ဘွဲ့ရရှိသူ ၈၅ ဦး၊ UCLES(UK) မှပေးအပ်သည့် ADCS နှင့် NCC(UK) ၏ IAD ဘွဲ့ရရှိသူ ၁၆ဦး၊ DIT ဘွဲ့ရရှိသူ ၁၂ဦး၊ ADIT ဘွဲ့ရရှိသူ တစ်ဦး၊ စီးပွားရေး စီမံခန့်ခွဲမှုပညာရပ်၌ UCLES (UK) မှပေးအပ်သည့် ဒီပလိုမာဘွဲ့ DBA ဘွဲ့ရရှိသူ ၄၁ ဦး၊ HDBA ဘွဲ့ရရှိသူ ခုနစ်ဦး၊ ADBA ဘွဲ့ရရှိသူ နှစ်ဦး၊ DPIT ဘွဲ့ရရှိသူတစ်ဦး၊ DMPR ဘွဲ့ရရှိသူ ခြောက်ဦးနှင့် ထူးချွန်စွာ အောင်မြင်ကြသည့် သင်တန်းသူ သင်တန်းသား ၃၅ဦးတို့အတွက် အထူးဆုများတို့ကို မန်နေဂျင်း ဒါရိုက်တာ ဦးဝင်းခိုင်နှင့် တာဝန်ရှိသူတို့က ပေးအပ်ကြသည်။**(အောက်ပုံ) (က–ပ)**

စာမျက်နှာ ၁၅ မှ

တွက်ချက်သည့်အခါမှာ ရေးဆွဲရမည့်မျဉ်း၏ အလျားရရှိခြင်းသည် အရေးကြီးသည်။ အသင့်တော်ဆုံးမျဉ်းအလျားမှာ ၄ လက်မနှင့် ၆ လက်မကြားဖြစ်သည်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရန်လိုသည်။ ဆွဲသားခြင်းအပိုင်းတွင် စကေးမျဉ်း တိကျမှန်ကန်မှုလိုသည်။ စကေးမျဉ်းကို စိတ်ပိုင်းသည့်အခါ အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းခြင်းသည် အဓိကလိုအပ်ချက်ဖြစ်သည်။

ဆက်လက်ပြီး ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆိုတွက်ချက်ခြင်းအကြောင်း လေ့လာသည့်အခါ ကောင်းကင်ဓာတ်ပုံမှာ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံ စသည့်ယာဉ်အမျိုးမျိုးမှ ရိုက်ကူးထားသောပုံဖြစ်သည်ကို သိထားသင့်သည်။ ကောင်းကင်ဓာတ်ပုံ အမျိုးအစားများကို အဓိကနှစ်မျိုး ခွဲခြားနိုင်သည်။

(၁) တစောင်းရိုက် ကောင်းကင်ဓာတ်ပုံ၊

(က) မိုးကုပ်စက်ဝိုင်းကို မြင်နိုင်သော တစောင်းမြင့် ကောင်းကင်ဓာတ်ပုံ၊

(ခ) မိုးကုပ်စက်ဝိုင်းကို မမြင်နိုင်သော တစောင်းနိမ့် ကောင်းကင်ဓာတ်ပုံ၊

(၂) အောက်တည့်ရိုက် ကောင်းကင်ဓာတ်ပုံ

တို့ပါဝင်သည်။

ကောင်းကင်ဓာတ်ပုံ၏ စကေးရှာသောပုံသေနည်းများကို အသုံးပြုပြီး ပုံကြမ်းနှင့်တကွ နားလည်သဘောပေါက်အောင် တွက်ချက်နိုင်ရန် လေ့လာထားသင့်သည်။



ကောင်းကင်ဓာတ်ပုံ၏ စကေးရှာသောပုံသေနည်းများ

(၁) $RF = \frac{PD}{GD}$

(၂) $RF = \frac{f}{H}$

$\therefore \frac{PD}{GD} = \frac{f}{H}$

(၃) $RF = \frac{f}{(A-h)}$ $(\because H = A - h)$

(၄) $RF = \frac{PD}{MD} \times \text{Map Scale}$

RF	= Representative Fraction	(အချိုးစကေး)
PD	= Photo Distance	(ဓာတ်ပုံပေါ်ရှိ အကွာအဝေး)
GD	= Ground Distance	(မြေပြင်ပေါ်ရှိ အကွာအဝေး)
MD	= Map Distance	(မြေပုံပေါ်ရှိအကွာအဝေး)
f	= focal length	(ကင်မရာဆုံတာ)
H	= Height above terrain (flying height)	(မြေပြင်အထက် လေယာဉ်ပျံသန်းသောအမြင့်)
A	= Altitude (flying height above sea level)	(ပင်လယ်ပြင်အထက် လေယာဉ်ပျံသန်းသောအမြင့်)
h	= terrain elevation (height of terrain)	(ကုန်းမြေ၏ အမြင့်)
MS	= Map Scale	(မြေပုံ၏ စကေး)

ပုစ္ဆာတွက်သည့်အခါ သတိပြုရမည့်အချက်များမှာ အချိုးစကေး ပိုင်းဝေသည် အစဉ်အမြဲ "၁"ဖြစ်ရမည်။ အချိုးစကေးဖြစ်သည့်အတွက်ကြောင့် ပိုင်းဝေနှင့် ပိုင်းခြေယူနစ်တူအောင် ညှိပေးရမည်။ ကိုက်ညီမည့်ပုံသေနည်းကို သုံးရမည်။ ပုံကြမ်းရေးဆွဲပေးရမည်ဖြစ်သည်။

ဆက်လက်ပြီး လက်တွေ့ပထဝီဝင်အပိုင်းမှ ကွန်တိုမြေပုံလေ့လာဖြေဆိုခြင်းအကြောင်းကို လေ့လာမည်။ ဤအပိုင်းတွင် 'က' မှ 'ခ'သို့ ဖြတ်ပိုင်းပုံ ရေးဆွဲခြင်း၊ မြေပုံပါဒေသ၏ ဧရိယာရှာဖွေခြင်း၊ မြေပုံပါဒေသ၏ လတ္တီကျူ၊ လောင်ဂျီကျူရှာဖွေခြင်း၊ မြန်မာနိုင်ငံ မည်သည့်ပြည်နယ်/တိုင်းအတွင်း တည်ရှိသည်ကို အကြောင်းပြချက်နှင့် ဖြေဆိုခြင်း၊ မြေပုံပါဒေသ၏ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုပထဝီဝင်၊ လူမှု–စီးပွားရေးပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများစသည်ဖြင့် ပါဝင်သည်။

"က"မှ "ခ"သို့ ဖြတ်ပိုင်းပုံရေးဆွဲရာတွင် ဒေါင်လိုက်စကေးကို ဦးစွာရှာပေးရမည်ဖြစ်၍ ကွန်တိုမြေပုံတွင်ပေးထားသော အလျားလိုက်စကေးကို အသုံးပြုပြီး တွက်ချက်ရှာဖွေရမည်။ ဒေါင်လိုက်စကေးကို ရှာရာတွင် မြေမျက်နှာသွင်ပြင် အနိမ့်အမြင့်ပေါ်လွင်စေရန် ၅ဆမှ ၁၀ဆအထိ ချဲ့သင့်သည်။ စကေးရှာရာတွင် ၁ လက်မအပေါ် မူတည်ရှာရသည်။ ရလာသောအဖြေကို ပုံဆွဲရာ၌ လွယ်ကူအောင် အနီးဆုံးကိန်းပြည့်ကို ယူရသည်။ ဤရှာနည်းသည် ပုံသေနည်းကဲ့သို့ ဖြစ်နေသည့်အတွက် မည်သည့်စကေးမဆို တွက်နိုင်ရမည်ဖြစ်သည်။

ဒေသ၏အကျယ်အဝန်းကို ရှာသောအခါ ပုံအောက်၌ပေးထားသော အလျားလိုက်စကေးကို အသုံးပြုပြီး ဧရိယာရှာပေးရမည်။ သတိပြုရန်မှာ ပုံ၏အတွင်းဘောင် အလျား၊ အနံကိုသာ တိကျစွာတိုင်းပြီး တွက်ချက်ရမည်ဖြစ်သည်။ ထိုသို့မြေပုံပါဒေသ၏ မြေပြင်ဧရိယာကို ရှာလိုသည့်အတွက် အလျားနှင့် အနံတို့၏ လက်မများကို ပေးထားသောစကေးအရ မိုင်ဖွဲ့ပြီး မြှောက်မှသာ အဖြေမှန်စတုရန်းမိုင်ရမည်။ အဖြေကို စတုရန်းလက်မနှင့်ပြလျှင် မှားမည်။

ကွန်တိုမြေပုံဖြေဆိုခြင်းသည် အလွတ်ကျက်လို့ရသည်မဟုတ်၊ ကွန်တိုမြေပုံ၏ အခြေခံအချက်အလက်များကို လေ့လာထားရမည်။ မြေပုံမှာပါ အကြောင်းအရာများကို ကြောင်းကျိုးဆက်စပ် ဖြေနိုင်အောင် လေ့ကျင့်ထားရန်လိုအပ်သည်။ ဖြေဆိုပုံ ဖြေဆိုနည်းများကို ပထဝီဝင်သင်ရိုးနှင့် ဂျာနယ်များတွင် ပြည့်ပြည့်စုံစုံ ဖော်ပြထား၍ လေ့လာထားသင့်သည်။

နောက်ဆုံးအနေဖြင့် မှာလိုသည်မှာ သင်ရိုးတစ်ခုလုံးကို ကျေညက်အောင် လေ့လာမှတ်သားပါ။ အလွတ်ကျက်မှတ်ခြင်းမျိုးမဟုတ်၊ မြေပုံနှင့်အချက်အလက်များကို ဆက်စပ်နားလည်အောင်ကျက်မှတ်ခြင်းမှာ ပိုမှတ်မိလွယ်သည့်အတွက် မြေပုံနှင့်တွဲကျက်ပါ။ လက်တွေ့လေ့ကျင့်ခန်းများကို ကိုယ်တိုင်ရေးဆွဲ လေ့ကျင့်ကြပါရန် မှာကြားခြင်းဖြင့် နိဂုံးချုပ်ပါသည်။ ။

ပညာရေးဝန်ကြီးဌာန
အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
ဒီပလိုမာသင်တန်းများအတွက် သင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ အောက်ဖော်ပြပါ ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ပို့ချမည်ဖြစ်သဖြင့် သတ်မှတ်သည့် အရည်အချင်းပြည့်စုံသူများအချိန်မီလျှောက်ထားနိုင်ကြောင်းကြေညာပါသည်။

စဉ် — ဒီပလိုမာသင်တန်းအမည်

၁။ Diploma in Software Engineering အမှတ်စဉ်(၁၇)
၂။ Diploma in Network Engineering အမှတ်စဉ်(၁၂)
၃ Diploma in Hardware Engineering အမှတ်စဉ်(၁၂)

၂။ လျှောက်ထားရန်လိုအပ်သည့် အရည်အချင်းများ
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်(သို့) အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ရရှိထားသူဖြစ်ရမည်။ **(လက်မှတ်မူရင်းနှင့် မိတ္တူပူးတွဲတင်ပြရန်)**

၃။ အသေးစိတ်အချက်အလက်များကို အမျိုးသားလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၊ ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဗိုလ်တထောင်ဘုရားလမ်း(ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား) ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၉၁၉၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၄။ လျှောက်လွှာလက်ခံမည့်အစီအစဉ်–
(က) **လျှောက်လွှာစတင်လက်ခံမည့်နေ့ရက်နှင့် လျှောက်လွှာပိတ်မည့်နေ့ရက်**
(၁) Diploma in Software Engineering
၃–၃–၂၀၀၄ ရက်မှ ၁၂–၃–၂၀၀၄ ရက်နေ့ထိ
(၂) Diploma in Network Engineering
၁–၄–၂၀၀၄ ရက်မှ ၁၀–၄–၂၀၀၄ ရက်နေ့ထိ
(၃) Diploma in Hardware Engineering
၄–၅–၂၀၀၄ ရက်မှ ၁၃–၅–၂၀၀၄ ရက်နေ့ထိ

(အတွင်းရေးမှူး)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
သံဖြူဇရပ်မြို့နယ်တရားရုံးတော်၌
